မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၄၂)

**နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ပြီး လုပ်သားများအတွက် အလုပ်အကိုင်အများဆုံးပေးနိုင်သည့် ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို အားကောင်းစေသော အဓိကအင်ဂျင်တစ်ခုမှာ MSMEs ဖြစ်သည်။**

# အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်



**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ် နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ

စာမျက်နှာ ၃ ကော်လံ ၁ ◆

## ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်၌ လာရောက်ကြိုဆိုကြသည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



## ထီးချိုင့်မြို့သို့ ပြန်လည်ဝင်ရောက်လာသူများအား နွေးထွေးလှိုက်လှဲစွာကြိုဆို

**ထီးချိုင့် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့သို့ ယမန်နေ့နံနက်က ပြန်လည်ဝင်ရောက်နေထိုင်သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာကြိုဆိုကြသည်။ စာမျက်နှာ ၄ ကော်လံ ၅ ❍

## မော်လမြိုင်ကျွန်း၌ ဒုတိယအကြိမ် ကလေးပန်းချီပြပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၄) ရပ်ကွက် (၁၁)လမ်းရှိ YCBA ခန်းမ၌ ယနေ့ နံနက်ပိုင်းက ဒုတိယအကြိမ် ကလေးပန်းချီပြပွဲ(မြန်မာ့အလှပန်းချီပြပွဲ)ကို ကျင်းပရာ ကလေးငယ်များ၏ ဖန်တီးမှုစွမ်းရည်များနှင့် အနုပညာလက်ရာ ပန်းချီကား ၂၄၅ ကား ခင်းကျင်းပြသထားသည်။ စာမျက်နှာ ၄ ကော်လံ ၅ ❖



## ယနေ့ မိုးလေဝသ (၄-၆-၂၀၂၆)

**နေပြည်တော်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
မိုး/ဇလ

## ယနေ့ ဖတ်စရာ

**မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့**

ဆောင်းပါး စာ ၁၂

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် သမိုင်းဝင် အထင်ကရနေရာများနှင့် စက်မှု၊ ဆိပ်ကမ်းနှင့် စွမ်းအင်ဆိုင်ရာ စီမံကိန်းနေရာများကို သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေး၊ ခရီးသွားဆိုင်ရာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

**ကြိုဆိုနှုတ်ဆက်**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည့်အတွက် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူသားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင် လမ်းတစ်လျှောက်တွင် လည်းကောင်း "အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်။ အိန္ဒိယ-မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ။ အိန္ဒိယ-မြန်မာ ပူးပေါင်းအား မုချအောင်မြင်ပါစေ။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ


*စာမျက်နှာ ၄ သို့*




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြစဉ်။

*စာမျက်နှာ ၃ မှ*

ကိုင်ဆောင်၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို အသီးသီးကိုင်ဆောင်ဝှေ့ယမ်းကာ **“အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အစွန်ရှည်ပါစေ။ အမျိုးဘာသာသာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ကျန်းမာပါစေ။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ၊ ခိုင်မြဲပါစေ။ အိန္ဒိယ-မြန်မာချစ်ကြည်ရေး အစွန်ရှည်ပါစေ”** ဟု ကြွေးကြော်လျက်လည်းကောင်း၊ လေဆိပ်မှ နေပြည်တော်သို့ဝင်ရောက်ရာလမ်းတစ်လျှောက် အဓိကနေရာများရှိ LED Board များ၌လည်း နိုင်ငံတော်သမ္မတ၏ အိန္ဒိယခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါသည်”** ဟူ၍ ရေးသားဖော်ပြ၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် နေပြည်တော်သို့ပြန်လည်ရောက်ရှိစဉ် မီဒီယာများ၏ မေးမြန်းမှုများအား ယခုကဲ့သို့ပြန်လည်ဖြေကြားခဲ့ပါသည်-




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်၌ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

မြန်မာနဲ့ အိန္ဒိယ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီးတော့ ကျွန်တော်သွားခဲ့တာဖြစ်ပါတယ်။ သွားတဲ့အခါမှာလည်း အိန္ဒိယခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတကြီး၊ ဝန်ကြီးချုပ် မစ္စတာ မိုဒီတို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးနဲ့လည်း သီးခြား တွေ့ခဲ့တာတွေ ရှိတယ်။

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ ဆောင်ရွက်နိုင်ဖို့အတွက်၊ နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်၊ နှစ်ဖက်ပူးတွဲကြေညာချက်လည်း ထုတ်ခဲ့တာရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ဘက်က အလုပ်ကို ပိုပြီးတော့မှ လုပ်ရမယ်၊ ကုန်ထုတ်လုပ်မှုတွေ လုပ်ကြဖို့ပါ။ ဒါမှ ကျွန်တော်တို့ ကုန်သွယ်မှုကို သွားနိုင်မယ်။ တစ်ဖက်က ကျန်တဲ့လိုအပ်ချက်တွေလည်း ပြည်သူလူထုအပိုင်းက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ဖို့ ရှိပါတယ်။

**❖ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက်၊ နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက်သဘောတူညီချက်၊ နှစ်ဖက်ပူးတွဲကြေညာချက်လည်း ထုတ်ခဲ့တာရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ဘက်က အလုပ်ကို ပိုပြီးတော့မှလုပ်ရမယ်၊ ကုန်ထုတ်လုပ်မှုတွေ လုပ်ကြဖို့ပါ။ ဒါမှ ကျွန်တော်တို့ ကုန်သွယ်မှုကိုသွားနိုင်မယ်။ တစ်ဖက်က ကျန်တဲ့လိုအပ်ချက်တွေလည်း ပြည်သူလူထုအပိုင်းက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ဖို့ရှိပါတယ်**

ကျွန်တော်တို့ ဒီလိုလုပ်နိုင်ဖို့ တည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှုလည်း လုပ်လို့ရမှာ ဖြစ်တယ်။ ဒါကြောင့် ပထမဦးဆုံး သွားတဲ့ အိန္ဒိယအပိုင်းနဲ့ပတ်သက်ရင် အိန္ဒိယနယ်စပ်မှာရှိတဲ့ သက်ဆိုင်သူများအနေနဲ့ တိုင်းပြည် ကောင်းစေချင်တယ်ဆိုရင် တိုင်းပြည်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားဖို့လိုပါတယ်။ သူတို့ရဲ့ သဘောထားတွေ ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့တိုင်းပြည်ကို ကောင်းအောင် ဆောင်ရွက်သွားဖို့ လိုပါလိမ့်မယ်။

ဒီလိုပဲ တခြားနယ်မြေတွေမှာ ရှိနေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်မှုထိခိုက်နေတဲ့ နယ်မြေတွေမှာရှိတဲ့ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေနဲ့လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီးတော့မှ တိုင်းပြည်ကောင်းအောင် လုပ်ဖို့အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့၊ နိုင်ငံရေးစကားပြောရင် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းပြည်က ဘာမှမကြာပါဘူး၊ တိုးတက်မှာ သေချာပါတယ်။

နောက်တစ်ခုက အခု ပြီးခဲ့တဲ့ တနင်္လာနေ့ကစပြီး ကျောင်းတွေ ဖွင့်ပါတယ်။ ကျောင်းတွေဖွင့်တဲ့အခါမှာ ကျောင်းနေအရွယ်တွေအားလုံး ကျောင်းနေပြီးတော့ ပညာရေးမြှင့်တင်မှုနဲ့အတူ အချိန်အတိုင်းအတာတစ်ခုပေးပြီး ကြိုးစားသွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ လူမှုပန်းတိုင်တွေကို ကောင်းကောင်းမွန်မွန် ရောက်မယ်လို့ မျှော်မှန်းပါတယ်။ ပြည်သူလူထုအနေနဲ့ ကြိုးစားပေးကြဖို့၊ အလုပ်လုပ်ပေးကြဖို့၊ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြဖို့ပဲ ကျွန်တော်ပြောချင်ပါတယ်။

ခရီးစဉ်က အောင်မြင်ပါတယ်။ အောင်မြင်တာလည်း သေချာပါတယ်။ မှတ်ချက်ကတော့ မျိုးစုံပေးကြမှာပါ။ အဲဒီမှတ်ချက်တွေမှာ ကောင်းတဲ့မှတ်ချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ သွားရတာလည်း ပင်ပန်းရကျိုးလည်း နပ်ပါတယ်။

ဗုဒ္ဓဂယာမှာ တိုင်းပြည်အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ။ ပြည်သူတွေ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာနဲ့ လုပ်ကိုင်စားသောက်နိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇွန် ၃**

၂၀၂၄ ခုနှစ် ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေ ပြည်သူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဦးစွာ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ် အသင်းနှင့် ဖာပွန်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘားအံမြို့နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငွေကျပ်ငါးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

အဆိုပါ ကလေးပန်းချီပြပွဲကို ဇွန် ၃ ရက်မှ ၇ ရက်အထိ ပြသသွားမည်ဖြစ်ပြီး ကလေးငယ်များ၏ အနုပညာအရည်အသွေးများ မြှင့်တင်ပေးနိုင်ရန်၊ အနုပညာဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ အရည်အချင်းများကို ဖော်ထုတ်အားပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ ဆက်)**

❍ *ရွှေဖုံးမှ*

တာဝန်ရှိသူများသည် ဝိသာခါ ရပ်ကွက်၊ သရက်မှော်ရပ်နေပြည်သူများ ထီးချိုင့်မြို့သို့ ပြန်လည်ဝင်ရောက်လာမှုအပေါ် ရောဝတီတံတား (ထီးချိုင့်)မှ ဝမ်းမြောက်ဝမ်းသာကြိုဆို၍ စာရင်းပြုစုပြီး ၎င်းတို့၏နေအိမ်များတွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**

**ပညာရွှေအိုး လူမခိုး**

**ပညာရဲရင့် ပွဲလယ်တင့်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar–India Business Dialogue)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

# မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

**❑ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာစာချုပ်များလည်း ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ကုန်သွယ်မှုများပြုလုပ်ခဲ့၊ မိမိတို့နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့်ပစ္စည်းများမှာ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများကို အများဆုံးတင်ပို့လျက်ရှိ**

**နေပြည်တော် ဇွန် ၃**

မြန်မာ–အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ (Myanmar–India Business Dialogue)ကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ The Taj Mahal Palace ဟိုတယ်၌ ကျင်းပရာ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲကျင်းပမည့် The Taj Mahal Palace ဟိုတယ်သို့ရောက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြန်မာ–အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများစွာ တည်ရှိနေသည့် The Gateway of India အဖြစ်လူသိများသည့် မွမ်ဘိုင်းမြို့ကို လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ထို့ပြင် ယနေ့ အခမ်းအနားတွင် ဌာနဆိုင်ရာကိုယ်စားလှယ်ကြီးများ၊ မြန်မာ – အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင် မိတ်ဖက်များနှင့် တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ရကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Gateway of India, Mumbai အား ကြည့်ရှုလေ့လာစဉ်။

### ခိုင်မာသည့်ဆက်နွယ်မှုများရှိခဲ့

ကိုလိုနီစနစ်ကို အတူတကွတွန်းလှန်ခဲ့ကြသည့် သမိုင်းကြောင်းအရ မြန်မာ – အိန္ဒိယ သံတမန်ဆက်ဆံရေးသည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအရလည်း ရှေးယခင်ကတည်းက ခိုင်မာသည့် ဆက်နွယ်မှုများရှိခဲ့ကြကြောင်း၊ ရှည်လျားသည့် ကုန်းမြေနှင့် ရေကြောင်းနယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှတစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံးအချိန်လည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

### အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်

နိုင်ငံရေးအရတည်ငြိမ်မှုအနေဖြင့် မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာကြာ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွားခဲ့ရာမှ ယခုအခါတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရ တည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများ မိမိတို့တွင် ရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာရှိလာမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ကြောင့် မိမိအနေဖြင့်သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင်လည်း မြန်မာ–အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပြီး သဘောတူညီချက်များလည်း ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာစာချုပ်များလည်း ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပစ္စည်းများမှာ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများကို အများဆုံးတင်ပို့လျက်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် မိမိတို့မြန်မာနိုင်ငံဘက်မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံမှပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ ဘီလီယံထိရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ပို့ကုန်အမေရိကန်ဒေါ်လာ သန်း ၆၀၀ မှ ၈၀၀ အကြားတွင် ရှိကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံဘက်မှ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ လယ်ထွန်စက်နှင့်ဆက်စပ်ပစ္စည်းများ တင်ပို့ခဲ့သည်ကို တွေ့ရှိရကြောင်း။

*စာမျက်နှာ ၆ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၅ မှ*

မိမိအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန် ဒေါ်လာ ၃ ဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန် ဒေါ်လာ ၅ ဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့် ရူပီးတိုက်ရိုက်ပေးချေရေးသဘောတူညီထားပြီးဖြစ်ကြောင်း၊ မိမိအိန္ဒိယနိုင်ငံဗဟိုဘဏ်မှတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့် ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း၊ မိမိတို့နိုင်ငံမှလည်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့် ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများ များစွာရှိပြီး အပြန်အလှန်ကူးသန်းသွားလာမှုများ၊ ဗုဒ္ဓဂယာသို့ သွားရောက်လည်ပတ်မှုများရှိသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံအနေဖြင့် ကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်သည့် လုပ်ငန်းများမြင့်မားသကဲ့သို့ ပညာရေးနှင့်ဆိုင်သည့် လုပ်ငန်းရပ်များသည်လည်း မြင့်မားသည်ကို တွေ့ရှိရသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံသွားနိုင်ရန် အခွင့်အလမ်းများရှိကြောင်း။

**ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အရေးများစွာရှိ**

မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ သွင်းကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း ကုန်သွယ်မှုမြှင့်တင်သကဲ့သို့ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အချို့ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်သာမက အိမ်နီးနားချင်းနိုင်ငံများဖြစ်ကြသည့် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် သတင်းအချက်အလက်၊ ဒီဂျစ်တယ်နှင့် အဆင့်မြင့်နည်းပညာအခြေပြုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ နည်းပညာမြင့်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ဖိတ်ခေါ်လိုကြောင်း၊ ဆေးဝါးကုသမှုနှင့်ပတ်သက်၍လည်း အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးသွင်းကုန်များကို အိန္ဒိယနိုင်ငံမှ အများဆုံးတင်သွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ၌ လာရောက်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံများတွင် ပါဝင်သဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိသည့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အရေးများစွာရှိကြောင်း၊ မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံဆွေးနွေးနိုင်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာမှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ သမိုင်းကြောင်းအရ တည်ရှိခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးမှုကိုလည်း ပိုမိုအားပေးရာရောက်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် ၇၈ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါ နှစ်(၈၀) ပြည့် သံတမန်ဆက်ဆံမှုအထိမ်းအမှတ်ကို အားဖြည့်သည့်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်**

ထို့နောက် အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်သမ္မတအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိမှုအခြေအနေများ၊ လက်ရှိ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ ဘိုင်အိုစွမ်းအင်နှင့် (Bio Energy)နှင့်ပတ်သက်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ သတ္တုတူးဖော်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် သတ္တုများကို ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ကုန်ချောထုတ်လုပ်၍ တင်ပို့သွားမည်ဆိုပါက ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍကို အမှန်တကယ်အကျိုးရှိစွာဖြင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းရပ်များ ရှိပါကဖိတ်ခေါ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Gateway of India, Mumbai သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Gateway of India, Mumbai ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

**အထင်ကရပြယုဂ်ဟု တင်စားခေါ်ဆို**

အဆိုပါ Gateway of India, Mumbai သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ မွမ်ဘိုင်းပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် ကမ္ဘာကျော်သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း၊ ဗြိတိသျှဘုရင် King George V နှင့် မိဖုရား Queen Mary တို့သည် ၁၉၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်စဉ် ၎င်းတို့ခြေချဆိုက်ရောက်ခဲ့သည့်နေရာကို အထိမ်းအမှတ်ပြုလုပ်ရန်အတွက် အဆိုပါမုခ်ဦးကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နောက်ဆုံးကျန်ရှိနေသည့် ဗြိတိသျှတပ်ရင်းများသည် ယခု မုခ်ဦးကြီးအောက်မှဖြတ်သန်းကာ သင်္ဘောများဖြင့် အိန္ဒိယနိုင်ငံမှ ထွက်ခွာခဲ့ကြခြင်းဖြစ်သဖြင့် ဗြိတိသျှတို့၏ အုပ်စိုးမှုနိဂုံးချုပ်ခြင်းကို ပြသသည့်ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ အဆောက်အအုံ၏ ဗိသုကာလက်ရာသည် ၁၆ ရာစု ဂူဂျာရက်စတိုင် အစ္စလာမ်နှင့် ဟိန္ဒူရိုးရာဗိသုကာလက်ရာများကို ရောနှောပေါင်းစပ်ထားသည့် Indo–Saracenic စတိုင်ဖြစ်ပြီး အဝါရောင်သဲကျောက် (Yellow basalt) များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အလယ်မုခ်ဦးခုံးကြီး၏ အမြင့်မှာ ၈၅ ပေခန့်ရှိကြောင်း၊ Gateway of India, Mumbai သည် မွမ်ဘိုင်းမြို့၏ အထင်ကရပြယုဂ်(The Taj Mahal of Mumbai) ဟု တင်စားခေါ်ဆိုကြပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်လည်ပတ်ကြသည့်နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ တက်ရောက်

**လွိုင်ကော် ဇွန် ၃**

၂၀၂၆ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း ရုံအမှတ်(၃)၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ဘင်ခရာတပ်ဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကာ သင်တန်းသား သင်တန်းသူများက Fitness Dance၊ တိုက်ကွမ်ဒိုနှင့် ကရာတေးစွမ်းရည်များဖြင့် သရုပ်ပြတင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က သရုပ်ပြအားကစားအဖွဲ့များနှင့် ဘင်ခရာအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

နွေရာသီ အဆင့်မြင့်အားကစားသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၈၇ ဦး တက်ရောက်ခဲ့ပြီး မေ ၃ ရက်မှ ဇွန် ၃ ရက်အထိ ဖွင့်လှစ်၍ အားကစားနည်း ခြောက်နည်းကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ ငွေစာရင်း ပူးပေါင်းကော်မတီများအား တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပူးပေါင်းကော်မတီနှစ်ရပ်သည် ပြည်ထောင်စုလွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သော ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းကို အထောက်အကူပြုပေးနေသည့် အဓိကကော်မတီများလည်း ဖြစ်ပါကြောင်း၊ ယခုလို ပူးပေါင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုသည် လွှတ်တော် အစည်းအဝေးများတွင် ဥပဒေကြမ်း တစ်ခုချင်း၏ အကြောင်းအရာများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သက်ရောက်မှုများကို အသေးစိတ် လေ့လာဆွေးနွေးရန် အချိန်လုံလောက်ခြင်းမရှိသည့်အတွက် လွှတ်တော်အတွင်း ကော်မတီများဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ်လေ့လာစိစစ်ကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ ဥပဒေကြမ်းပါ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေး ဆုံးဖြတ်ခြင်းများ စသည်တို့ကို အချိန်ယူဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများကို လွှတ်တော် အတွင်းမှ (Sub–Parliament) လွှတ်တော်ငယ်များဟု နိုင်ငံတကာက တင်စားခေါ်ဝေါ်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇၊ ၁၂၈၊ ၁၂၉ နှင့်အညီ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များပါ ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး ကော်မတီက ပြင်ဆင်ရန် အကြံပြုချက်များ ပေးပို့ရာတွင် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော အကျုံးဝင်သည့် အကြံပြုချက်များ ဖြစ်ရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ ထူးခြားမှုအနေဖြင့် ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရေးနှင့် ယင်းအစည်းအဝေး မှတ်တမ်းများကိုလည်း ဖြန့်ဝေခြင်းများမပြုရပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ် သဘောတူညီသော ဥပဒေကြမ်းများမှလွဲပြီး အခြားဥပဒေကြမ်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲထားသည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း စသည့်ဥပဒေကြမ်းများအားလုံးကို မိမိတို့ကော်မတီမှ စိစစ်သုံးသပ်ပြီး သဘောထားမှတ်ချက် တင်ပြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ဆွေးနွေးခြင်းမှ အစပြုပြီး ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ ပေးပို့နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)အရ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နှစ်စဉ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို အသေးစိတ် လေ့လာစိစစ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် စိစစ်ခြင်း၊ ထိုကဲ့သို့ စိစစ်ရာတွင် လွှတ်တော်သို့ တင်ပြထားသည့် လျာထားရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲ ခွင့်ပြုထားသော ငွေများကိုသတ်မှတ်ထားသော ကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်စွာ အသုံးပြုမပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဌာနသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ ခွင့်ပြုချက်နှင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာနှင့် အခွန်အကောက်ဆိုင်ရာ (၆ လပတ်၊ နှစ်ပတ်လည်) အစီရင်ခံစာများ၊ ချေးငွေဆိုင်ရာ အစီရင်ခံစာများကို အသေးစိတ်လေ့လာစိစစ်ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုလို အသေးစိတ် လေ့လာစိစစ်ပြီးမှ လွှတ်တော်သို့ အစီရင်ခံစာပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် အခြေခံကျကျ တင်ပြပေးနိုင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ငွေကြေး၊ ဘတ်ဂျက်ဆိုင်ရာများကို အလေအလွင့် မရှိအောင် ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။ ပူးပေါင်း ကော်မတီဝင်များအနေဖြင့် မိမိတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ နားလည်ရန်နှင့် လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန် လိုအပ်ပါကြောင်း။

ပူးပေါင်း ကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများအပေါ် စိစစ်တင်ပြသည့်နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး မေးမြန်းခြင်းသည် လွှတ်တော်၏ Oversight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စေရေးအတွက် အချက်အလက်ရှာဖွေစုဆောင်းခြင်းသာ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကို အမှုစစ်သကဲ့သို့ စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုလို အရေးကြီးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ကော်မတီဝင်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေများအားလုံးကို စေ့စေ့စပ်စပ်သေသေချာချာ လေ့လာပိုင်နိုင်ကြစေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးပေါင်းကော်မတီနှစ်ရပ်၏ဥက္ကဋ္ဌ၊ ဒုတိယနာယက Jeng Phang နော်တောင်က မိမိတို့ပူးပေါင်းကော်မတီများသည် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းများကို အတည်ပြုပေးနိုင်ရေး၊ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာများကို စိစစ်အတည်ပြုနိုင်ရေးအတွက် အကောင်းဆုံး အထောက်အပံ့ပေးရသည့် ကော်မတီများ ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံ ရေးဆွဲဖော်ပြထားပြီး ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် သေချာပိုင်နိုင်စွာ လေ့လာထားရှိရန် အကြံပြုပြောကြားလိုပါကြောင်း၊ မိမိတို့တာဝန်ယူ ဆောင်ရွက်ရမည့် ငါးနှစ်တာကာလအတွင်း လုပ်ငန်းများကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် အမြဲတမ်းအတွင်းဝန်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ပုသိမ် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါး ကုန်သည်ကြီးများ အသင်းတို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်ဟိုတယ်၌ ကျင်းပရာ



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် မြိတ်ဆန်စပါး ကုန်သည်ကြီးများ အသင်းတို့မှ တာဝန်ရှိသူများသည် နှစ်ဖက်သဘောတူ စာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်း

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အိမ်တော်ရာဘုရားအတွင်းရှိ ဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီက အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲအခမ်းအနားကျင်းပရာ ဒဂုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးမျိုးဝင်းက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးမှူး ဦးငြိမ်းချမ်းဗိုလ်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ် ၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဗွက်ကြီးချောင်း တံတားထိပ်နှင့် ကြေးနီချောင်းတံတားထိပ်တွင် တံတားအသုံးပြုခွင့် ဂိတ်နှင့် လမ်းအသုံးပြုခွင့် ကောက်ခံဂိတ်တို့ ပေါင်းစပ်ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသဖြင့် အောင်လံမြို့သူမြို့သားများသည် မိမိတို့နေထိုင်ရာ မြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ်(၂)ဂိတ်တို့၏ အသုံးပြုခွင့်ကောက်ခံခြင်းကို ပေးဆောင်နေကြရကြောင်း စိစစ်တွေ့ရှိရပြီး ဗွက်ကြီး တံတားဂိတ် တစ်ခုတည်းသာ ထားရှိ ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသဖြင့် အောင်လံမြို့ရှိ ကြေးနီချောင်းဂိတ်ကို အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပ သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်နှင့် ပြောင်းရွှေ့ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးခင်မောင်လတ်က အောင်လံ (အထွက်) ဂိတ် (ကြေးနီချောင်း) ကို ဖြတ်သန်းသွားလာသော ဂိတ်အနီးရှိ ကျေးရွာများမှ မော်တော်ယာဉ်များအား လမ်းနှင့် တံတားအသုံးပြုခြင်းအတွက် အခမဲ့ ခွင့်ပြုထားပါကြောင်း။

အောင်လံမြို့တွင်းမှ ယာဉ်များ အောင်လံ(အထွက်) (ကြေးနီချောင်း) ဂိတ်သို့ ဖြတ်သန်းသွားပါက အသွား (၁)ကြိမ်သာကောက်ခံပြီး (၁)နာရီအတွင်း ပြန်ဝင်လာပါက ထပ်မံကောက်ခံခြင်း မရှိဘဲ ဖြေလျှော့ပေးထားကာ အောင်လံ (အဝင်) ဗွက်ကြီးဂိတ်နှင့် အောင်လံ (အထွက်) (ကြေးနီချောင်း)ဂိတ် သတ်မှတ်မိုင်တိုင်အတွင်းရှိ အောင်လံမြို့နှင့် ကျေးရွာများမှ မော်တော်ယာဉ်များကိုလည်း အခမဲ့ ခွင့်ပြုထားပါကြောင်း။

Max Highway Co.,Ltd. (BOT) အနေဖြင့် အောင်လံခရိုင် အောင်လံ–ကိုးပင်လမ်းပိုင်း မိုင်တိုင် (၆၁ မိုင် ၇ ဖာလုံ) အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။



အောင်လံ(အထွက်) (ကြေးနီချောင်း) ဂိတ်အား အောင်လံမြို့နယ် နယ်နိမိတ် အဆုံး မိုင်တိုင်(၂၃၁/၅) အပြင်ဘက်သို့ ပြောင်းရွှေ့မည်ဆိုပါက လမ်းအသုံးပြုခ ကောက်ခံရရှိမှုများ လျော့နည်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ငွေများ လျော့နည်းနိုင်ခြင်း၊ တန်ပိုထိန်းသိမ်းနိုင်မှု လျော့ကျနိုင်ခြင်းတို့ကြောင့် လမ်း/တံတားများ ပိုမိုပျက်စီးလာနိုင်သည့်အတွက် အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပသို့ ဂိတ်များ ပြောင်းရွှေ့ရန်သင့်လျော်မှုမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** အဖွဲ့ဝင် ဦးခင်မောင်လတ်က တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်အုပ်စု ချင်းစုကြာပင်အင်း ကျေးရွာချင်းဆက်လမ်းသည် လက်ရှိ (၄မိုင်) အရှည်ရှိပြီး ကျောက်ချောလမ်း အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လမ်းအကျယ် အနည်းဆုံး ၂၄ ပေရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၇၅၄ အိမ်၊ လူဦးရေ ၂၈၄၂ ဦး အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာ လမ်းပိုင်း ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက်လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း ပွားများနေသော ဗေဒါပင်များကို ပိုမိုရှင်းလင်းနိုင်စေရေး၊ ထပ်မံမရောက်စေရေး၊ မပွားများစေရေးနှင့် သန့်ရှင်းသာယာသော အင်းရေပြင်ဖြစ်ရေးတို့အတွက် မည်သို့ဆောင်ရွက်ပေးသွားမည်၊ နွေရာသီနှင့်ဆောင်းရာသီတို့တွင် စိုက်ပျိုးမြေများ ယခုထက် ပေါ်ထွန်းလာစေရေးအတွက် ရေဝပ်ဇရိယာ နည်းပါးအောင် မည်သို့ လုပ်ဆောင်သွားမည်၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ဖြစ်ပေါ်လာစေရေး မည်သို့စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သမန်အင်းအတွင်းသို့ ရေဝင်သည့်နေရာတွင် ဗေဒါစစ်ဆန်ခါများ ထားရှိ၍ ဗေဒါထပ်မံမရောက်ရှိစေရေး ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ပေါ်ထွန်းလာစေရေးအတွက် တောင်သမန်အင်းပတ်လမ်းများနှင့် ဦးပိန်တံတား ပတ်ဝန်းကျင်အား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၌ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ပြီး အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းအား ငါးလုပ်ငန်းရှင်များထံသို့ လေလံပေးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အတွက် အင်းအတွင်း ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလေလံလုပ်ငန်းရှင်တို့မှ "အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်းနေစေရေးအတွက်" အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗေဒါဆယ်ယူခြင်း လုပ်ငန်းကို မြို့တော်စည်ပင်မှ Backhoe အကူအညီဖြင့် တောင်သမန်အင်းဆွဲဝယ်ယူရရှိသူမှ စက်သုံးဆီနှင့် လူအင်အားကူညီ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆီရရှိရေး အခက်အခဲ ဖြစ်ပေါ်လျက်ရှိသောကြောင့် ယာယီရပ်နားထားကြောင်း၊ တောင်သမန်အင်းဂရန်ကိုင်မှ ဗေဒါဖြတ်ဖောင်ငယ်ဖြင့် တစ်ပိုင်တစ်နိုင် ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေများကို ယခုထက်ပေါ်ထွန်းရေးအတွက် ရေထွက်လမ်းတစ်လျှောက် ဗေဒါများရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့ မြောက်ပိုင်းကျေးရွာအများစုမှာလည်း ဓာတ်အားလိုင်းများ သွယ်တန်းပြီး လျှပ်စစ်မီးများ ရရှိနေပြီးဖြစ်သော်လည်း ယခုအခါ ရေအားလျှပ်စစ် စက်ပစ္စည်း (Berrim) များ ပျက်စီးနေခြင်း၊ ရေလှောင်တမံထဲတွင် နုန်းများရှိနေခြင်းကြောင့် အသုံးမပြုနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်ပါသဖြင့် ယခင်စီမံကိန်း ရှိသည့်အတိုင်း ကလေးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး၊ ရာဇဂြိုဟ် ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင် မွမ်းမံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း နှစ်စဉ်ဝင်ရောက်ခဲ့သော သဲနုန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၂၀၁၅–၂၀၁၆ ခုနှစ်မှ ၂၀၂၂–၂၀၂၃ ခုနှစ်အထိ စုစုပေါင်း သဲနုန်းကျင်း (၃) သိန်းကျော်ကို နုန်းစုပ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃ –၂၀၂၄ ခုနှစ်တွင် နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ၂၀၂၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် တမံရေယူအဆောက်အအုံရှေ့၌ နုန်းနှင့် အမှိုက်များ ပိတ်ဆို့မှုများကို ဖယ်ရှားဆောင်ရွက်၍ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နုန်းနှင့်အမှိုက်များ ဝင်ရောက်မှုများပြားလာခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ရပ်နားခဲ့ရပြီး ရေပိုလွှဲမှ ကျော်ကျခဲ့သောရေအား တူးမြောင်းမကြီးအတွင်းသို့ ရေလွှဲသွင်း၍ မိုးစပါးအောင်ရေ ပေးဝေခဲ့ပါကြောင်း။

အကျိုးပြုစိုက်ပျိုးမြေဧရိယာ ပြည့်မီစွာ ရေပေးဝေနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း သဲနုန်းဖယ်ရှားရေးသည် လုပ်ငန်းပမာဏ ကြီးမားလွန်းခြင်းနှင့် ကုန်ကျစရိတ် များပြားနိုင်ခြင်းတို့ကြောင့် အချိန်ယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့် ချေးငွေများ၊ စက်မှုကို အထောက်အကူဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးတို့ကို နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်မရှိပါက ဦးစားပေးအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်တို့အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများက နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့်လည်း ၂၀၂၆–၂၀၂၇ ခုနှစ်တွင် ထွန်စက်ကြီး (၁၅) စီး၊ လက်တွန်းထွန်စက် (၆၅၀)၊ စပါးရိတ်သိမ်း ခြွေလှေ့စက် (၁၀) စီးကို တောင်သူများထံသို့ လက်ငင်းစနစ်ဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများ၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ ဆန်စက်များကို ဝယ်ယူနိုင်စေရန် အတိုးနှုန်း ၆ ရာခိုင်နှုန်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ်သိန်း၃၀၀၀ အထက် တစ်ကဏ္ဍတို့ဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားရန် ၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပါကြောင်း၊ သီးနှံသိုလှောင်ရုံ နေရာရရှိရေးနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သီးနှံဈေးကွက်များ ဖန်တီးပေးရေးအတွက် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မူလခွင့်ပြုထားသည့် သီးနှံ/ကုန်စည် (၉)မျိုးကို ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်စည်(၇) မျိုးတို့ကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ စိုက်ပျိုးထွက်ရှိသည့်သီးနှံများ ဈေးကွက်ရရှိရန် သီးနှံအလိုက် ချေးငွေနှုန်းထားများ တိုးမြှင့်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာချေးငွေများ တိုးမြှင့်ပေးခြင်း၊ သွင်းအားစုများရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ကို အားပေးမြှင့်တင်ခြင်း၊ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ပြီး ထုတ်လုပ်မှုတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို တွဲဖက်အသုံးပြုပြီး သွင်းအားစုစရိတ်သက်သာစေရန် ပညာပေးခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုပံ့ပိုးပေးပြီး သီးနှံနှင့်ပေးချေစေသည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ် ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေး**

*စာမျက်နှာ ၉ သို့*

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော်  ဇွန်  ၃**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိဆိုလာဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မီတာခ လျှော့ပေါ့ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နေရောင်ခြည်စွမ်းအင် တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ဆိုလာဓာတ်အားပေးစက်ရုံတွင် Hybrid စနစ် ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးမည်ဆိုပါက ဘက်ထရီသက်တမ်းနှင့် ဆိုလာသက်တမ်း အပြည့်အဝ သုံးစွဲနိုင်ရန်အတွက် နေရောင်ခြည်ကောင်းစွာ မရရှိသောနေ့များနှင့် ဘက်ထရီအား ၅၀ ရာခိုင်နှုန်းအောက် ရောက်ရှိချိန်များတွင် ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခန္တီးမြို့သည် မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် နေရောင်ခြည်ကောင်းမွန်စွာမရရှိသဖြင့် အဆိုပါကာလများတွင် ဆိုလာမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှု နည်းပါးနိုင်ပြီး ဘက်ထရီအားသွင်းရန်လည်း နည်းပါးနိုင်သဖြင့် အဆိုပါရက်များတွင် အချိန်အနည်းငယ်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဆိုလာနှင့် ဘက်ထရီမှ ထုတ်လုပ်သော ဓာတ်အားဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ခန္တီးမြို့တွင် လျှပ်စစ်မီးအသုံးပြုနိုင်မှုသည် နေရောင်ခြည်ရရှိမှုပေါ်တွင် အဓိကမူတည်နေမည်ဖြစ်၍ အရေးကြီးနေရာများအား ၂၄ နာရီ ဓာတ်အားမပေးနိုင်ပါကြောင်း၊ ၂၄ နာရီ ဓာတ်အားရရှိလိုပါက ဒီဇယ်ဓာတ်အားပေးစက်များကို တစ်နေ့လျှင် အနည်းဆုံး ၂ နာရီခန့် မောင်းနှင်ဓာတ်အားပေးရန် လိုအပ်မည်ဖြစ်ပြီး ဒီဇယ်ဆီ တစ်ဂါလန်ဖြင့် စက်မောင်းနှင်ပါက စက်ထွက် ၁၄ ယူနစ်ခန့်သာ အများဆုံး အသုံးပြုနိုင်ပြီး ဒီဇယ်ဆီ တစ်ဂါလန်လျှင် ဒေသပေါက်ဈေး ၄၄၀၀၀ ကျပ်ခန့်ရှိခြင်းကြောင့် တစ်ယူနစ်ဈေး ၃၁၄၃ ကျပ်ခန့် ကျသင့်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဆိုလာနှင့် ဘက်ထရီကိုသာ အသုံးပြု၍ ခန္တီးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ပါက ၂၄ နာရီ ဓာတ်အားရရှိနိုင်မည် မဟုတ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နေရောင်ခြည်ရရှိမှုအပေါ်တွင် အလုံးစုံမှီခိုနေရခြင်းကြောင့် တစ်ရက်နှင့်တစ်ရက် ဓာတ်အားရရှိရန် မတူညီနိုင်ပါကြောင်း၊ နေရောင်ခြည် လုံလောက်စွာမရရှိသော အချိန်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိနိုင်ပါကြောင်း၊ အဆိုပါအခြေအနေဖြင့် ဓာတ်အားခ တစ်ယူနစ် (တစ်ကီလိုဝပ် နာရီ) ဈေးနှုန်းကို ၉၀၀ ကျပ်ဖြင့် လျှော့ချကောက်ခံနိုင်ရန်အတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အင်းတောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောက်ဂူကျေးရွာအုပ်စုရှိတောင်ပိုင်း လေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာတို့သည် အင်းတောမြို့နှင့် ကျောက်ဂူကျေးရွာအကြား တည်ရှိပြီး ကျောက်ဂူကျေးရွာမှ ၈ မိုင်အတွင်း တည်ရှိသော ကျေးရွာများဖြစ်ပါကြောင်း၊ ယင်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် တောင်ထိပ်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅၂ မိုင်၊ တောင်သူကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ မိုင်၊ စံပယ်ကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဆီဆုံဂနိုင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်တို့အား တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သို့သော် ဇော်ဂျီအမှတ်(၂) ဓာတ်အားပေးစက်ရုံရှိ ၁၁/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ Isolation Transformer သည် အမြင့်ဆုံးဝန်အား ၁ ဒသမ ၄ မဂ္ဂါဝပ်အထိ ရှိနေပြီဖြစ်သည့်အတွက် အဆိုပါကျေးရွာလေးရွာအား ထပ်မံဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဇော်ဂျီ(၂) ကျောက်ဂူ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှသာ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာတို့အား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာ လေးရွာတွင် ထပ်မံတည်ဆောက်ရန် လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမည့်ကာလနှင့် ကိုက်ညီအောင် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အား ပြင်ပစနစ် (OFF Grid) ဖြင့် နေစွမ်းအင်သုံးစီမံကိန်း (Solar Power Project) ကဲ့သို့ စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့် သုံးဆင့်ဖြင့် Solar Power Plant များ တည်ဆောက်၍ ဓာတ်အားပေးနိုင်ရန် စီမံချက်ရေးဆွဲခဲ့ပါကြောင်း။

ပထမဆင့်အနေဖြင့် မာန်အောင်ကျွန်း၊ ခအုန်းမော်ကျေးရွာ မြေကေ ၁၅ ကေပေါ်တွင် ၀ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ်အား မြေကေ ၂ ကေကို အသုံးပြု၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Posco Daewoo Co.,Ltd. ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ပြီး မာန်အောင်မြို့ပေါ် ၅ ရပ်ကွက်နှင့် ကျေးရွာ လေးရွာအား ၂၀၁၉ ခုနှစ် နိုဝင်ဘာမှစ၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၄ ဒသမ ၄ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၃ ဒသမ ၆ မိုင်၊ ထရန်စဖော်မာ ၅၃ လုံးအား ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကြိုတင်တည်ဆောက်ထားပြီးဖြစ်ပြီး ကျန်ရှိသည့် ၂ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ခအုန်းမော်ကျေးရွာရှိ ၀ ဒသမ ၅ MW Solar Power Plant မှ ကျန်မြေကေ ၁၃ ကေပေါ်တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့် တတိယအဆင့်အား အဆင့်အလိုက် ဆက်လက်လျာထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် လမ်းမီးများအား နေရောင်ခြည်စွမ်းအင်သုံး (Solar Power System) ဖြင့် လျှပ်စစ်မီး တပ်ဆင်ပေးသွားနိုင်ရေး အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ်

*စာမျက်နှာ ၁၀ သို့*



*စာမျက်နှာ ၈ မှ*

**မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီး နမ့်လွေချောင်း၌ ဒေသခံတောင်သူများသည် မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်၍ နမ့်လွေချောင်းမှ ရေကို သွယ်ယူကာ စိုက်ပျိုးလျက်ရှိပါကြောင်း၊ အဆိုပါ လက်ရိုက်ဆည်သည် မိုးတွင်းကာလ မိုးရွာသွန်းမှုများပြားပါက မကြာခဏ ကျိုးပေါက်လေ့ရှိကြောင်း၊ သို့ဖြစ်၍ ဝမ်တောင်းကျေးရွာရှိ ဒေသခံတောင်သူများ၏ လယ်မြေ ဧက (၁၆၀) မှာ မိုးသီးနှံ၊ နွေသီးနှံသီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန်အတွက် အဆိုပါ လက်ရိုက်ဆည်ကို ကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် **အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာ ဌေးဝင်း၏ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်း ထိန်းညှိရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်စပ်လျဉ်း၍** ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

ကျောက်ဖြူမြို့အတွင်း လမ်းမီးလုံးရေ ၂၀၀၀ ခန့် တပ်ဆင်ရန်ရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ ခွဲဝေပေးချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကုန်ကျစရိတ်ဖြင့် ဦးဥတ္တမလမ်း၊ ဈေးလမ်း၊ လေပွေ့လမ်းဟောင်း၊ လေပွေ့လမ်းသစ်၊ ပိတောက်ရွှေဝါလမ်း၊ ရုံးတက်လမ်း၊ ကမ်းနားလမ်း စသည့်လမ်းများနှင့် စေတီယျရပ်ကွက်နှင့် ပြင်ဖူမော်ရပ်ကွက် စသည့်နေရာများတွင် ဝပ် ၂၀၀ ဆိုလာလမ်းမီး အလုံးရေ ၁၀၀၀ အား တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တပ်ဆင်ရန်ကျန်ရှိသည့် ဆိုလာလမ်းမီးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်တပ်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများသည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ ကြီးကြပ်မှုများဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဗဟိုဌာန (Anti-Scam Centre)ကို ဖွဲ့စည်းပြီး ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေး အော်ပရေတာများနှင့် အင်တာနက် ဝန်ဆောင်မှုပေးသူများအကြား သံသယဖြစ်ဖွယ်အကောင့်များ၏ ငွေကြေး စီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဒီဂျစ်တယ်စနစ်များ အချက်အလက်ဖလှယ်မှု နည်းပညာ (Application Programming Interface-API) မှတစ်ဆင့် အပြန်အလှန်ချိတ်ဆက်၍ သတင်းအချက်အလက်များ ဖလှယ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုများကို ကြိုတင်တားဆီး ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ နစ်နာသူဆုံးရှုံးသွားသည့် ငွေကြေးစီးဆင်းမှုများကို အာဆီယံရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့တို့နှင့် ချိတ်ဆက်၍ သတင်းအချက်အလက် ဖလှယ်ပြီး အချိန်မီပိတ်သိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို ဇွန် ၈ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အားကစားပစ္စည်းများကို ပေးအပ်ကာ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် ကမာရွတ်ခရိုင် အသင်းနှင့် ကျောက်တံတားခရိုင် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါပြိုင်ပွဲကို အသင်း ၁၄ သင်း အားကစားသမား ၁၉၆ ဦးဖြင့် ဇွန် ၃ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**





## စစ်ကိုင်းတိုင်းဒေသကြီး သူနာပြုသိပ္ပံ(မုံရွာ) သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး သူနာပြုသိပ္ပံ(မုံရွာ) သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး၊ သူနာပြုသိပ္ပံ(မုံရွာ)ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ၊ မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးတို့က အမှာစကားပြောကြားကြပြီး သူနာပြုသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးက သင်ကြားရေးတာဝန်ခံ ကျောင်းအုပ်ထံ သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်များ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အိုးဘိုတောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## AYA Tri-Nations Cup 2026 အဖွင့်ပွဲတွင် ဥဇဘတ်ကစ္စတန် အမျိုးသမီးအသင်း အနိုင်ရရှိ

**ရန်ကုန် ဇွန် ၃**



AYA Tri-Nations Cup 2026 ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ အိမ်ရှင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဥဇဘတ်ကစ္စတန် အမျိုးသမီး လက်ရွေးစင်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားကြရာ ဥဇဘတ်ကစ္စတန် အသင်းက မြန်မာအသင်းအား ပွဲကစားချိန် ၂၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ရရှိသည့်သွင်းဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၆ ရက်တွင် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်သွားရမည် ဖြစ်သည်။

**မြန်မာ့အလင်း**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင် သွားနှင့်ခံတွင်းရောဂါအထူးကုဌာန ဖွင့်လှစ်

**နေပြည်တော် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး အထူးကုဆေးရုံ (မင်္ဂလာဒုံ) တွင် သွားနှင့်ခံတွင်းရောဂါအထူးကုဌာန ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီး များ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



**ဖဲကြိုးဖြတ်၍ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူမှုရေးဝန်ကြီးတို့က သွားနှင့်ခံတွင်း ရောဂါအထူးကုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ပြီး သံဃာတော်အပါး ၅၀ အား အံကပ်တပ်ဆင် ပေးနေမှု၊ သွားနှင့်ခံတွင်းရောဂါအထူး ကုသခန်း များ၊ သွားနှင့်ခံတွင်း အထူးခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး ပြည့်ဝသော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက် မှုကို ပြည်သူများလက်လှမ်းမီ ရရှိနိုင်ရေးအတွက် သွားနှင့်ခံတွင်းအထူးကုဆေးရုံကို နေပြည်တော်၌ လည်းကောင်း၊ သွားနှင့်ခံတွင်းရောဂါအထူးကုဌာန များကို မန္တလေးပြည်သူ့ဆေးရုံကြီး ကန်တော်နဒီ ကုသဆောင်တွင်လည်းကောင်း၊ ရန်ကုန်တွင် အထူး ကုဆေးရုံ(သာကေတ)နှင့် ရန်ကုန်တက္ကသိုလ် ဆေးရုံတို့တွင်လည်းကောင်း ယခုအထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခြင်း ဖြစ်ပြီး ပြည်သူများအနေဖြင့် သွားနုတ်ခြင်း၊ သွားဖာ ခြင်း၊ သွားစိုက်ခြင်း၊ သွားကျောက်ခြစ်ခြင်း၊ အံကပ်တပ်ဆင်ခြင်း အစရှိသည့် ကုသမှုများကို လာရောက်ကုသမှုခံယူနိုင်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း

**နေပြည်တော် ဇွန် ၃**

တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာ(၁) နှစ်သင်တန်း သင်တန်းအမှတ်စဉ် (၂)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန် ဆုနှင့် အလုပ်ခန့်အပ်လွှာပေးအပ် ပွဲကို ယနေ့နံနက်ပိုင်းက ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက အမှာစကား ပြောကြားပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရ သင်တန်းသားများ ကို ထူးချွန်ဆုများပေးအပ်ကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်း သားများကိုယ်စား သင်တန်းသား ကိုယ်စားလှယ် တစ်ဦးကို အလုပ် ခန့်အပ်လွှာများ ပေးအပ်သည်။



သိပ္ပံဘွဲ့ရရှိပြီးသူများ တိရစ္ဆာန် ဆေးကုပညာရပ်ဆိုင်ရာ ဒီပလိုမာ သင်တန်းတက်ရောက်လေ့လာနိုင် ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန က တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ (၁)နှစ် သင်တန်းများကို ဖွင့်လှစ် လျက်ရှိပြီး သင်တန်းပြီးမြောက်သူ များအနေဖြင့် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနတွင် ဒု-လက်ထောက် ဦးစီးမှူးရာထူးဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်မည် ဖြစ်သကဲ့သို့ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ ပါက အဆင့်မြင့်တာဝန်များ ထမ်းဆောင်နိုင်ကြမည် ဖြစ် ကြောင်း၊ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာ(၁)နှစ်သင်တန်း သင်တန်း အမှတ်စဉ်(၂)အထိ သင်တန်းသား သင်တန်းသူ ၁၁၇ ဦး မွေးထုတ်ပေး နိုင်ခဲ့ပြီး သင်တန်းအမှတ်စဉ်(၃) ကို ဇွန် ၁ ရက်တွင် ဆက်လက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအေးထွန်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရိပ်မထွက်ဘုရားနှင့် ဘုရားနီဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၃**

ကိုယ့်အားကိုယ်ကိုး အေးသာယာ ကွန်ကရစ်လမ်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်မဲမြို့ အမှတ် (၇) ရပ်ကွက်ရှိ အဆိုပါလမ်း၌ ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ၊ ရပ်မိရပ်ဖများ၊ ရှမ်းစာပေယဉ်ကျေးမှု အဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာ စကားပြောကြား၍ လမ်းအလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ပြီး ငလျင်ကြောင့် ထိခိုက် ပျက်စီးခဲ့သည့် အရိပ်မထွက်ဘုရားနှင့် ဘုရားနီဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။**(အပေါ်ပုံ)**

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များပါ ကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနတို့ရေးဆွဲထားသည့်ရှေးဟောင်းအဆောက်အအုံ များ၊ဘုရား၊စေတီများနှင့်သာသနိကအဆောက်အအုံ များ ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရ မည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုပြင်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် သတင်းတု သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**ဖနောင်ပင် ဇွန် ၃**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (Mekong-Lancang Cooperation Special Fund) က ပံ့ပိုး၍ ကမ္ဘောဒီးယား နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးပြီး "ဒေသတွင်း ယုံကြည်မှု တည်ဆောက်ခြင်း၊ ဒစ်ဂျစ်တယ် ကြံ့ကြံ့ခံနိုင်ရည်ရှိမှုနှင့် တာဝန်သိ သတင်းအချက်အလက်မျှဝေခြင်း" ဟူသော ဆောင်ပုဒ်ဖြင့် "ဒေသတွင်းသတင်းတု ပပျောက်ရေးလှုပ်ရှားမှုဆိုင်ရာ ဖိုရမ် - သတင်း ထောက်များအတွက် သတင်းတုတိုက်ဖျက်ရေး အစီအစဉ် (အဆင့် -၂)"ကို ယမန်နေ့က ကမ္ဘော ဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sun & Moon ဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့၊ မဲခေါင်-လန်ချန်း နိုင်ငံများမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းများ၊ မီဒီယာအဖွဲ့အစည်းများ၊ သတင်းထောက်များ၊ ကျွမ်းကျင်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ၊ အွန်လိုင်းဩဇာလွှမ်းမိုးသူများ၊ Content Creator များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ဖိုရမ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ရုံးနှင့် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဖွဲ့ ခေါင်းဆောင် H.E .Pen Bona၊ ကမ္ဘောဒီးယား နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် H.E. Sles Alfin၊ တရုတ်နိုင်ငံမှ ကိုယ်စားလှယ် The Paper Fact-Check ၏ ညွှန်ကြားရေးမှူး Ms. Li Yiqing၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင် နှင့် ဗီယက်နမ်ရုပ်မြင်သံကြားဌာနမှ Mr. Do Quang Anh တို့က သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများ၊ ကောလာဟလများ၊ ပြုပြင်ဖန်တီးထားသော အကြောင်းအရာများ နှင့် အွန်လိုင်းပေါ်ရှိ အန္တရာယ်ရှိသော ပြောဆို ချက်များ၊ အမုန်းစကားများကို ဖြေရှင်းရေးတို့ နှင့်ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်ပြီး လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ကို ဆွေးနွေးခဲ့ကြသည်။

**ဇင်ဦး(IPRD-RND)**

# အထက(ဘီးလင်း)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဘီးလင်း ဇွန် ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ် ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အထက(ဘီးလင်း)ကျောင်း ပညာ့အားမာန်ခန်းမ၌ ဆောင်ရွက်ပေးရာ ဘီးလင်းမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းထိုက် နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၃၀၀ အား ကွင်းဆင်း ဆောင်ရွက်ပေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန် ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**



# မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့

**သစ်တောမောင်**

**ယခုနှစ်ကုန်ပိုင်း(အောက်တိုဘာလမှ ဖေဖော်ဝါရီလ)တွင် အလွန်အားကောင်းသော စူပါအယ်လ်နီညို (El Niño)အဆင့်ထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာပါက ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။**



မြန်မာနိုင်ငံတွင် လက်ရှိနှစ်များအတွင်း အပူချိန်တိုးလာခြင်း၊ ပူပြင်းခြောက်သွေ့လာခြင်းနှင့် အယ်လ်နီညို (El Niño) ဖြစ်စဉ်များ၏ သက်ရောက်မှုများက ပိုမိုထင်ရှားလာလျက်ရှိသည်။ အထူးသဖြင့် ချောက်၊ မင်းဘူး၊ မြင်းမူ၊ ညောင်ဦး အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် အပူချိန်မြင့်မားမှုဒဏ်ကို ပိုမိုခံစားကြရသည်။ အပူပိုင်းဒေသ ၁၃ ခရိုင်သည် မူလကပင် မိုးနည်းပြီး ခြောက်သွေ့သော ဒေသများဖြစ်သဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုတို့ ပေါင်းစပ်သက်ရောက်လာပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။ ထို့ကြောင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကို ကာကွယ်နိုင်ရန် နည်းလမ်းစုံဖြင့် ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်သည်။

## အနောက်တောင်မုတ်သုံလေ

အနောက်တောင်မုတ်သုံလေသည် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ စိုထိုင်းသောလေထုများကို သယ်ဆောင်လာသော မိုးရာသီလေဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများတွင် မိုးရွာသွန်းမှု၏ အဓိကအရင်းအမြစ်ဖြစ်ပါသည်။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ၏ နှစ်စဉ်မိုးရေချိန်အများစုကို သယ်ဆောင်လာပြီး နိုင်ငံတစ်ဝန်းမိုးများစွာ ရွာသွန်းစေပါသည်။

မြေသားကို စိုစွတ်စေကာ သစ်ပင်များ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအခြေအနေကို ဖန်တီးပေးပါသည်။ ပတ်ဝန်းကျင်ကိုလည်း စိမ်းလန်းစိုပြည်စေပါသည်။ ယင်းမုတ်သုံလေသည် နှစ်စဉ် မေလခန့်မှ စက်တင်ဘာလအထိ တိုက်ခတ်လေ့ရှိပြီး စိုက်ပျိုးရေး၊ သစ်တောနှင့် ရေသယံဇာတများအတွက် အလွန်အရေးပါပါသည်။

## သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးအချိန်

အနောက်တောင်မုတ်သုံလေကြောင့် မိုးရွာသွန်းလာသောအခါ မြေဆီလွှာသည် စိုစွတ်ပျော့ပျောင်းလာပြီး သစ်ပင်ပျိုးပင်များ၏ အမြစ်များ လွယ်ကူစွာ ထိုးဖောက်ကြီးထွားနိုင်ပါသည်။ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက်စိုက်ပျိုးနိုင်ခြင်းကြောင့် မိုးရေမှ သဘာဝအတိုင်း ရေရရှိပြီး အစိုဓာတ်ရရှိသဖြင့် ပျိုးပင်၊ စိုက်ပင်များ ရှင်သန်နှုန်းလည်း မြင့်မားပါသည်။ ရေသွင်း၊ ရေလောင်းစရိတ်သက်သာခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းခြင်း၊ သဘာဝအပူချိန် လျော့ကျစေခြင်း၊ အပင်ကြီးထွားနှုန်း ကောင်းမွန်ခြင်း၊ အစိမ်းရောင်ဖုံးလွှမ်းမှု တိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။ ထို့ကြောင့် မုတ်သုံရာသီကို **“သစ်ပင်စိုက်ပျိုးရေးရာသီ”**ဟု ခေါ်ကြပါသည်။

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု၊ အပူချိန်မြင့်တက်လာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှုနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာနေသည့်အချိန်တွင် သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်အတွက် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ် ဖြစ်လာပါသည်။ မြန်မာ့ရိုးရာ စကားပုံတစ်ခုတွင် **“မြေဆီစိုခိုက် သစ်ပင်စိုက်”**ဟု ဆိုရိုးရှိသည်။

မုတ်သုံမိုးရွာသွန်းချိန်သည်ကား မြေဆီလွှာများ ရေဓာတ်ပြည့်ဝပြီး အပင်ငယ်များ အမြစ်တွယ်ရန်၊ ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံး အချိန်အခါသမယဖြစ်ပါသည်။ မုတ်သုံမိုးနှင့်အတူ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝနှင့် ကိုက်ညီသည့် အကောင်းဆုံးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေစိမ်းလန်းစိုပြည်ရန်နှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရန် မုတ်သုံမိုးနှင့်အတူ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစ်ခဲနက် ဆောင်ရွက်ကြရမည့်အချိန်ပင် ဖြစ်ပါသည်။

## သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ

**ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်ဆီဂျင်ထုတ်ပေးသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်ပါသည်။ သစ်တောများသည် သဘာဝ ကာဗွန်သိုလှောင်ကန် (Carbon Sink)များဖြစ်ပြီး ရာသီဥတု မျှတတည်ငြိမ်ရေးအတွက် အရေးပါသည်။ သစ်ပင်၊ သစ်တောများသည် ကမ္ဘာပေါ်ရှိ ကုန်းသတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ၊ ငှက်နှင့် အင်းဆက်ပိုးမွှားများ အပါအဝင် မျိုးစိတ်ပေါင်း ၈၀ ရာခိုင်နှုန်းကျော်၏ မှီတင်းနေထိုင်ရာ အိမ်ဂေဟာ ဖြစ်ပါသည်။ သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် မျိုးသုဉ်းလုနီးပါး သားငှက်တိရစ္ဆာန်များကို ကာကွယ်ပေးနိုင်ပါသည်။

**ရေအရင်းအမြစ် ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်၊ သစ်တောများသည် မိုးရေကို ဖမ်းယူစုပ်ယူထားပြီး မြေအောက်ရေလွှာကို ပြန်လည်ဖြည့်တင်းပေးကာ မြစ်၊ ချောင်း၊ အိုင်၊ သောက်ရေတွင်းများသို့ တစ်နှစ်ပတ်လုံး ရေကြည်ရေသန့် စီးဆင်းစေရန် ထိန်းညှိပေးသည်။ မိုးသည်းထန်စွာရွာသွန်းချိန်တွင် ရေစီးဆင်းမှုနှုန်းကို လျှော့ချပေးနိုင်သဖြင့် ရုတ်တရက်ရေကြီးခြင်း (Flash Floods)ကို ကာကွယ်ပေးသကဲ့သို့ ခြောက်သွေ့ရာသီတွင်လည်း ရေငွေ့ပြန်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကို စိုစွတ်စေပြီး မိုးခေါင်ရေရှားမှုကို သက်သာစေပါသည်။ သစ်ပင်များ၏ အမြစ်စနစ်သည် မြေဆီလွှာကို မြဲမြံစွာ စွဲကိုင်ထားပြီး မိုးရေကြောင့် မြေသားပြုန်းတီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ တောင်ပြိုခြင်းနှင့် မြစ်ချောင်းများ သဲနုန်းတင်ခြင်း၊ မြေဆီလွှာတိုက်စားမှုများကို တိုက်ရိုက်ကာကွယ်ပေးပါသည်။ ထို့ပြင် မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်ရန်လည်း အထောက်အကူပြုပါသည်။

**လူမှုစီးပွားဆိုင်ရာ အကျိုးကျေးဇူးများ။** ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်းပေါင်းများစွာသည် သစ်တောကဏ္ဍအပေါ်တွင် မှီခိုပြီး အသက်မွေးနေကြရသည်။ နေအိမ်ဆောက်လုပ်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် လိုအပ်သော သစ်၊ ဝါး၊ ကြိမ်တို့အပြင် နေ့စဉ်ချက်ပြုတ်ရန် ထင်း၊ မီးသွေးနှင့် အဖိုးတန်သစ်တောထွက်ပစ္စည်းများကို ပံ့ပိုးပေးပါသည်။ သစ်တောများမှ ရိုးရာ တိုင်းရင်းဆေးများအတွက် ဆေးဖက်ဝင်အပင်များ၊ သဘာဝမှို၊ မျှစ်၊ သစ်သီးဝလံများ၊ ငှက်သိုက်နှင့် ပျားရည်ကဲ့သို့သော အာဟာရဓာတ်ပြည့်ဝသည့် အစားအစာများကို ပံ့ပိုးပေးပါသည်။

**ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်များသည် လေထုထဲရှိ ဖုန်မှုန့်များ၊ မီးခိုးငွေ့များနှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်ကဲ့သို့သော အဆိပ်ငွေ့များကို စုပ်ယူဖယ်ရှားပေးပြီး သန့်ရှင်းသော အောက်ဆီဂျင်ကို ထုတ်လုပ်ပေးသဖြင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများကို လျှော့ချပေးသည်။ သစ်ပင်များသည် အရိပ်ရစေခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ အပူချိန်လျှော့ချပေးခြင်းနှင့် မြို့ပြအလှတရားကို တိုးတက်စေပါသည်။

သစ်တောများနှင့် စိမ်းလန်းသော ပတ်ဝန်းကျင်သည် လူသားတို့၏ စိတ်ဖိစီးမှု၊ သွေးတိုးရောဂါနှင့် စိုးရိမ်ပူပန်မှုများကို သိသိသာသာ လျော့ကျစေပြီး စိတ်ကြည်လင်လန်းဆန်းမှုကို ပေးစွမ်းနိုင်ကြောင်း ဆေးပညာအရ သက်သေပြထားသည်။ သစ်ပင်ကြီးများ ထူထူထပ်ထပ်ရှိသည့် နေရာများသည် သစ်ပင်မရှိသည့် မြို့ပြကွန်ကရစ်နေရာများထက် အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီ စင်တီဂရိတ်အထိ ပိုမိုအေးမြပါသည်။

အိမ်ခြံဝင်းအတွင်းနှင့် ကျေးရွာ၊ ရပ်ကွက်များတွင် သစ်ပင်များ စိုက်ပျိုးထားခြင်းဖြင့် သက်ကြီးရွယ်အိုများ အပူဒဏ်ရှောင်ရှား နားခိုနိုင်ပြီး အေးမြသည့် လေကောင်းလေသန့်ကိုရရှိကာ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာပါ ဘေးကင်းလုံခြုံမှုကို ရရှိစေပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်ပြီး ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်ကာ အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်ပါသည်။

## မြန်မာနိုင်ငံတစ်ဝန်းလုံး စိမ်းလန်းစေဖို့

၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း (ဧရိယာဧက ၇၀ ဒသမ ၄၇ သန်း) ရှိသည်။ လက်ရှိနှင့် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုမျှတကောင်းမွန်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ တိုးလာစေရန် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သဘာဝတောများကို စနစ်တကျ စီမံအုပ်ချုပ်နေသကဲ့သို့ တောနိမ့်၊ တောကျဲပါးသော နေရာများတွင်လည်း သစ်တောစိုက်ခင်းအမျိုးမျိုးကို အရှိန်အဟုန်မြှင့်တင်တည်ထောင်စိုက်ပျိုးလျက်ရှိသည်။

သစ်တောဦးစီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီအတွင်း သစ်တောစိုက်ခင်းမျိုးစုံ ဧရိယာဧက ၃၀၃၃၉ ဧက၊ အပင်ပေါင်း ၂၁ ဒသမ ၃၆ သန်းကို လျာထားစိုက်ပျိုးလျက်ရှိပါသည်။ အပူပိုင်းဒေသ ၁၃ ခရိုင်နှင့် နွေရာသီတွင် အပူချိန်မြင့်မားခဲ့သည့် မြို့နယ်များအပါအဝင် သစ်ပင်များစိုက်ပျိုးရန် အထူးလိုအပ်လျက်ရှိသော မြို့နယ်များ၊ နေရာဒေသများတွင် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းနှင့် နိုင်ငံတော်ပိုင် သစ်တောစိုက်ခင်းဧရိယာဧက ၁၇၇၃၉ ဧက၊ အပင်ပေါင်း ၉ ဒသမ ၇၄ သန်း

*စာမျက်နှာ ၁၃ သို့*

- **မိုးရာသီသစ်ပင်များ စိုက်ပျိုးရာတွင် “တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး”အတွက် စိုက်ပျိုးသည့် ရည်ရွယ်ချက်၊ စိုက်ပျိုးမည့်နေရာဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ဒေသမျိုးရင်း သစ်မျိုးများကို အလေးထားရွေးချယ်ပြီး နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရမည်ဖြစ်**
- **စိုက်ပျိုးပြီး နောက်ပိုင်းတွင်လည်း ရာသီအလိုက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ မြေစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိစေရန် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာ ရှင်သန်မည်**

# အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၃**

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၀၂၁ ပါး/ဦးအနက် ၁၁၁၇ ပါး/ဦး အောင်မြင်၍ ၁၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၈၂၄၉ ပါး/ဦးအနက် ၂၃၇၆ ပါး/ဦး အောင်မြင်၍ ၂၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၄၂၆၈ပါး/ဦးအနက် ၄၅၂၂ ပါး/ဦး အောင်မြင်၍ ၃၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၃၁၇၈ ပါး/ဦးအနက် ၁၁၄၅၃ ပါး/ဦး အောင်မြင်၍ ၄၉ ဒသမ ၄၀ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၆ ခုနှစ်)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | အရှင်ဣန္ဒာစရိယာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁၉ | အရှင်ကဝိတေဇာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၁၁ | အရှင်ဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၂၃၄ | မဇ၀နညာဏီလင်္ကာရ | သကျဓီတာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စိန်-၁ | အရှင်အာလောကာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၄၂ | အရှင်ကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၀ | အရှင်သကျဝံသာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက-၁၀၈ | မနန္ဒစာရီ | ချမ်းမြရုံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၃၅ | ရှင်ဇိနောရသ | သာသနာ့ရောင်ခြည်ကျောင်း မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ညတ-၂၀ | ရှင်ပညာစက္က | တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | အရှင်အဂ္ဂဝံသာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက- ၁၅၃ | မပုညစာရီ | ချမ်းမြရုံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ-၂၂ | ရှင်အရိန္ဒမ | မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်-၃၄ | ရှင်ဝါသဝ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | တွင်း-၇၀ | ရှင်ဂုဏဝံသ | ရေပြည့်တောရကျောင်း တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | လဝ-၁၅၀ | မဂမ္ဘီရညာဏီ | တောင်သုံးလုံးကျောင်း လယ်ဝေးမြို့နယ်၊ နေပြည်တော် |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း အပြည့်အစုံကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www. mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

လျာထားစိုက်ပျိုးလျက်ရှိသည်။ အာဆီယံလမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီး၊ အမြန်လမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ရထားလမ်းဘေးဝဲယာတို့တွင်လည်း အရိပ်ရပြီး စိမ်းလန်းစိုပြည်စေရန် အပင်ပေါင်း ၄၀၃၃၄၈ ပင် လျာထားစိုက်ပျိုးလျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ သစ်တောသစ်ပင်ထိန်းသိမ်းရေး အသိစိတ်ဓာတ်များ ပိုမိုမြင့်မားလာစေရေးနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက် ကျန်းမာကြံ့ခိုင်သည့် နှစ်နှစ်သား၊ အမြင့် နှစ်ပေအထက် ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိရာ ယခုနှစ်တွင် ပျိုးပင် ၇ ဒသမ ၈၁ သန်းကျော် လျာထားဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို အားပေးကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ယခုနှစ် မိုးလရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၃၀၆ ကြိမ်၊ ပျိုးပင်ပေါင်း ၂၅၁၃၄၀ လျာထားစိုက်ပျိုးလျက်ရှိပါသည်။

**ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း**

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်အတွက်သာမက ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့် လူသားတို့၏ အနာဂတ်ကို ကာကွယ်ခြင်းလည်း ဖြစ်ပါသည်။ သစ်တောများသည် ပြည်သူလူထု၏ နေ့စဉ်ဘဝ၊ အသက်မွေးဝမ်းကျောင်းမှု၊ ရေနှင့် စားရေရိက္ခာဖူလုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးအချက်တစ်ရပ်ဖြစ်သည်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီမှ စတင်ပြီး သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများတွင် အောက်ပါအတိုင်း ပူးပေါင်းပါဝင်နိုင်ပါသည်-

**ကျောင်းသား ကျောင်းသူများ သစ်ပင်စိုက်ပျိုးခြင်း။** ကျောင်းဖွင့်ရာသီ မုတ်သုံမိုးဦးကာလတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၌ "သစ်ပင်စိုက်ပျိုးပွဲများ" ကျင်းပကာ ကျောင်းသား ကျောင်းသူများက မိမိတို့စိုက်ပျိုးသော အပင်ကို မိမိတို့ကိုယ်တိုင် ရှင်သန်အောင် ပြုစုပျိုးထောင်သည့်




အလေ့အထကောင်းများ မွေးမြူခြင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အရိပ်ရအပင်များ၊ စားပင်သီးပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်နိုင်ပါသည်။

**မိသားစုအလိုက် သစ်ပင်စိုက်ပျိုးခြင်း။** မိမိတို့၏ မွေးနေ့အထိမ်းအမှတ်၊ မင်္ဂလာအထိမ်းအမှတ်၊ သားသမီးရတနာထွန်းကားသည့် အထိမ်းအမှတ် စသည်ဖြင့် အထိမ်းအမှတ်နေ့များတွင် သစ်ပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် အိမ်ထောင်စုအလိုက် မိမိတို့၏ အိမ်၊ ခြံဝင်းနှင့် လယ်၊ ယာကန်သင်းများတွင် စားပင်၊ သီးပင်၊ အရိပ်ရအပင်များ၊ လေကာတန်းပင်များ၊ တစ်အုပ်တစ်မစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း ဆောင်ရွက်နိုင်ပါသည်။

**ကျေးရွာလူထုဖြင့် သစ်ပင်စိုက်ပျိုးခြင်း။** ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း၊ ကျေးရွာလမ်း၊ ကျေးရွာချင်းဆက်နှင့် ခရိုင်ချင်းဆက် လမ်းဘေးဝဲယာများတွင် အရိပ်ရ အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးခြင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးခန်း၊ ကျေးရွာပိုင် မြေကွက်လပ်များတွင် အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ ကျေးရွာအနီး သစ်တောကျဲပါးသော တောင်ကုန်း၊ တောင်ထိပ်များတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ စမ်းချောင်းများ၊ ရေကန်များပတ်လည်နှင့် သဘာဝရေထွက်များတွင် ရေဝေ ရေလဲထိန်းသိမ်းရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

**မြို့ပြသစ်တောများ တည်ထောင်ခြင်း။** ရပ်ကွက်၊ မြို့ပြလမ်းဘေးဝဲယာများတွင် အရိပ်ရအမြဲစိမ်းသစ်ပင်များ၊ သင်းရနံ့မွှေးပျံ့သော အပင်များ၊ ရာသီအလိုက် ရောင်စုံဖူးပွင့်သောအပင်များ စိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ (Urban Forest)နှင့် ဥယျာဉ်ငယ်များ၊ ပန်းခြံများ၊ အစိမ်းရောင်လွင်ပြင်များ ဖန်တီးတည်ထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

**လူမှုရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ လူမှုအကျိုးပြုလုပ်ငန်းများ။** ပရဟိတအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများက မိမိတို့၏ လူမှုအကျိုးပြုလုပ်ငန်း (Corporate Social Responsibility – CSR) တစ်စိတ်တစ်ပိုင်းအဖြစ် သစ်ပင်စိုက်ပျိုးပွဲများ စုပေါင်းဆင်နွှဲခြင်း၊ ဂေဟစနစ်ပြန်လည်တည်ထောင်ရေးစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

**အသိပညာပေးရေး လှုပ်ရှားမှုများ။** လူငယ်များအနေဖြင့်လည်း သဘာဝထိန်းသိမ်းရေးတွင် အရေးပါသော အင်အားစုများဖြစ်ကြသဖြင့် သစ်ပင်စိုက်ပျိုးရေး ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သကဲ့သို့ ဆိုရှယ်မီဒီယာများမှတစ်ဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးရေး အသိပညာပေးရေးလှုပ်ရှားမှုများ၊ အစိမ်းရောင်လှုပ်ရှားမှုများအဖြစ် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံး ဆောင်ရွက်နိုင်ပါသည်။

**မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့**

မိုးရာသီသစ်ပင်များ စိုက်ပျိုးရာတွင် **"တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး"**အတွက် စိုက်ပျိုးသည့် ရည်ရွယ်ချက်၊ စိုက်ပျိုးမည့်နေရာဒေသ၊ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ဒေသမျိုးရင်း သစ်မျိုးများကို အလေးထားရွေးချယ်ပြီး နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရမည်ဖြစ်သည်။ ဥပမာ ပူပြင်းခြောက်သွေ့မှုဒဏ်ခံနိုင်သော သစ်မျိုးများ၊ ကြီးမြန်အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ကောင်းစွာ ပေးစွမ်းနိုင်သည့် အမြဲစိမ်းသစ်မျိုးများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရည်ရှိသော အပင်မျိုးများ၊ မြေဆီလွှာထိန်းသိမ်းနိုင်သည့် သစ်မျိုးများ၊ ရေရှည်တွင် မြို့ပြဖွံ့ဖြိုးမှုကို ထိခိုက်မှုမရှိစေနိုင်သည့် သစ်မျိုးများ၊ ရတနာတန်းဝင် အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်သောသစ်မျိုးများ၊ မျက်စိပသာဒဖြစ်စေမည့် သစ်မျိုးများ စသည်ဖြင့် စနစ်တကျရွေးချယ်ကာ စိုက်ပျိုးကြရပါသည်။

စိုက်ပျိုးမည့်မြေနေရာကို စနစ်တကျ မြေပြုပြင်ဆောင်ရွက်မှု၊ မြေအစိုဓာတ်လုံလောက်စွာရရှိမှု၊ စိုက်ပျိုးနည်းစနစ် မှန်ကန်မှုတို့သည် အဓိကကျပါသည်။ ထို့အပြင် အောင်လုံသော သစ်စေ့များနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပျိုးထောင်မှု၊ ပျိုးပင်များ ကြံ့ခိုင်သန်စွမ်းမှု၊ နေရာဒေသအပေါ်မူတည်၍ စိုက်မည့်ကျင်းအရွယ်အစား မှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှု၊ မြေဆီအာဟာရပြည့်ဝစေရန်အတွက် လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းမှုတို့ကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း ရာသီအလိုက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ မြေစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိစေရန် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာ ရှင်သန်မည်ဖြစ်ပါသည်။ မကြာမီ မြန်မာနိုင်ငံတစ်ဝန်းလုံး အနောက်တောင်မုတ်သုံလေနှင့်အတူ မုတ်သုံမိုးတို့ မိုးဖြိုင်ဖြိုင် ရွာသွန်းတော့မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ဖို့ **"မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့"**ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

# ယခုနှစ်ဇွန်လမှ ဩဂုတ်လအထိ အယ်နီညိုဖြစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းရှိဟု ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအေဂျင်စီ ခန့်မှန်း

**ဂျီနီဗာ ဇွန် ၃**

ယခုနှစ်ဇွန်မှဩဂုတ်လအတွင်း အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းရှိကြောင်း ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။ ကမ္ဘာ့နေရာအများစုတွင် အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ပြင်းထန်သည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နိုင်သည်ဟု သတိပေးထားသည်။

ပီရူးနိုင်ငံ ကမ်းရိုးတန်းအနီး ပစိဖိတ်သမုဒ္ဒရာရေပြင်၏ အပူချိန်မှာ ပုံမှန်နှစ်များထက် ပိုမိုမြင့်တက်လာသည့်အခါ အယ်နီညိုအခြေအနေဖြစ်ပေါ်လာသည်။ အဆိုပါဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်းရှိ ရာသီဥတုအခြေအနေကို သက်ရောက်မှုရှိစေသည်ဟု ယူဆကြသည်။

ဇွန် ၂ ရက်တွင် ထုတ်ပြန်သည့် မိုးလေဝသခန့်မှန်းချက်အရ အီကွေတာ ပစိဖိတ်ဒေသ၌ ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ မြင့်တက်နေသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့က ပြောသည်။ အလယ်အလတ်အဆင့် သို့မဟုတ် ပြင်းထန်သည့် အယ်နီညို ဖြစ်နိုင်ခြေ ၈၀ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းထားသည်။ အဆိုပါအခြေအနေသည် ပြင်းထန်သည့် ရာသီဥတုအခြေအနေများကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ အတွင်းရေးမှူးချုပ် စီလက်ဆော်လိုက ပြောသည်။

အပူချိန်နှင့်ဆက်စပ်သည့် ဖျားနာမှုများအပြင် အခြားသော ရောဂါပိုးသယ်ဆောင်လာသည့် သတ္တဝါများမှ ကူးစက်သည့်ရောဂါများ ပိုမိုကျယ်ပြန့်စွာ ဖြစ်ပေါ်လာခြင်း၊ အစားအစာနှင့် ရေအရင်းအမြစ်များအပေါ် ဖိအားများ ပိုမိုတိုးလာခြင်းတို့ ဖြစ်နိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။

အယ်နီညိုရာသီဥတုသည် ပူနွေးနေသည့် ကမ္ဘာကြီးကို လောင်စာပေးလိုက်သည့် အခြေအနေတစ်ရပ်ဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ပြောသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းရန်အပါအဝင် ရာသီဥတုပြောင်းလဲမှုကို အရေးယူဆောင်ရွက်ကြရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ အင်န်အိတ်ချ်ကေ



# EU နှင့် WHO တို့ ပူးပေါင်း၍ အီဘိုလာရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပံ့ပိုးကူညီ

**အော့စလို ဇွန် ၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့တွင် ဖြစ်ပွားလျက်ရှိသော အီဘိုလာရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး တုံ့ပြန်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီရန် ဥရောပသမဂ္ဂ (EU) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသဆိုင်ရာရုံးက ဇွန် ၂ ရက်တွင် ပြောသည်။



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိလာသော EU ၏ ကူညီထောက်ပံ့ရေးပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်စဉ်။

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှာ ရောဂါကူးစက်ပြန့်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး၊ ပြည်သူလူထုကို ကာကွယ်ပေးရေးနှင့် ဒေသတွင်း ကြိုတင်ပြင်ဆင်မှုများ အားကောင်းစေရေးတို့အတွက် သက်ဆိုင်ရာအာဏာပိုင်များကိုပံ့ပိုးကူညီရန် ရည်ရွယ်ကြောင်း ကိုပင်ဟေဂင်အခြေစိုက် WHO ဥရောပဒေသဆိုင်ရာရုံးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

EU သည် ကူးစက်မှုဖြစ်ပွားရာ ဒေသများတွင် အရေးပေါ်လုပ်ငန်းစဉ်များကို ပံ့ပိုးရန်အပြင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယူဂန်ဒါနိုင်ငံတို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်ရေးကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၄၄ သန်းကို ခွဲဝေချထားပေးလျက်ရှိကြောင်း သိရသည်။

EU နှင့် WHO တို့သည် ရောဂါကူးစက်မှုများကို ထိန်းချုပ်နိုင်သည်အထိ အတူတကွလက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆင်ဟွာ

# ဗီယက်နမ်၏ ကုန်သွယ်မှု ပထမငါးလအတွင်း ကန်ဒေါ်လာ ၄၄၅ ဘီလီယံကျော်ရှိလာ

**ဟန္နိုင်း ဇွန် ၃**

ဗီယက်နမ်နိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန် စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ ယခုနှစ် ပထမငါးလတာအတွင်း အမေရိကန်ဒေါ်လာ ၄၄၅ ဒသမ ၁၂ ဘီလီယံအထိရှိလာပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံး၏ ဇွန် ၃ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်မှာ ၁၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၁၅ ဒသမ ၆၆ ဘီလီယံဒေါ်လာအထိ ရောက်ရှိခဲ့သည်။ သွင်းကုန်ပမာဏမှာလည်း ၃၀ ဒသမ ၈ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၄၆ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ အဓိကအကြီးဆုံး ပို့ကုန်ဈေးကွက်နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၆ ဘီလီယံရှိသည်ဟု အမျိုးသားစာရင်းအင်းရုံးက ထုတ်ပြန်သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးသွင်းကုန်ဈေးကွက်ဖြစ်ပြီး သွင်းကုန်စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာ ၉၂ ဒသမ ၆ ဘီလီယံဖြစ်သည်။ ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ အသည်းရောဂါတိုက်ဖျက်ရေးအတွက် အခမဲ့စစ်ဆေးပေးမည့် အစီအစဉ် တိုးမြှင့်ဆောင်ရွက်

**ဂျကာတာ ဇွန် ၃**

အင်ဒိုနီးရှားနိုင်ငံသည် မြင့်တက်လာသော အသည်းရောဂါနှင့် ကင်ဆာရောဂါများကို တိုက်ဖျက်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ယခုနှစ်ကုန်တွင် လူပေါင်း ၁၃၆ သန်းကို ဦးတည်ကာ အခမဲ့အမျိုးသားကျန်းမာရေးစစ်ဆေးမှုအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုဦးတည်လုပ်ဆောင်သော လူဦးရေမှာ ယခင်ဦးတည်ထားသည့် လူပေါင်း သန်း ၇၀ ထက် နှစ်ဆနီးပါး ပိုမိုများပြားပြီး အသည်းရောင် အသားဝါရောဂါ ကူးစက်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီ ဆာဒီကင်က ဇွန် ၂ ရက်တွင် ပြောသည်။

အင်ဒိုနီးရှားအစိုးရသည် အစောပိုင်းအဆင့် အသည်းအဆီဖုံးခြင်းကဲ့သို့သော ရောဂါလက္ခဏာများကို တွေ့ရှိနိုင်ရန် အထွေထွေရောဂါကုဆရာဝန်များကို သင်တန်းပေးကာ ရပ်ရွာအခြေပြု ကျန်းမာရေးဌာနများမှတစ်ဆင့် ရောဂါအခြေအနေများကို ဆောလျင်စွာ ရှာဖွေဖော်ထုတ်သည့်စနစ်ကို အားကောင်းခိုင်မာစေရန် စီစဉ်လုပ်ဆောင်နေကြောင်း ဆာဒီကင်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံရှိ အသည်းရောင်အသားဝါပိုးဆေးဝါးဈေးနှုန်းများမှာ မြင့်မားနေသောကြောင့် ကုသရေးအပိုင်းတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆင်ဟွာ

# မဟာဗျူဟာမြောက် မိတ်ဖက်သစ်အဖြစ် ခိုင်မာစေရန် ပြင်သစ်နှင့်ဟန်ဂေရီနိုင်ငံတို့ ကြိုးပမ်းမည်

**ပါရီ ဇွန် ၃**

ယခုနှစ်မကုန်မီ ပြင်သစ်နှင့်ဟန်ဂေရီနိုင်ငံတို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအသစ်ကို အပြီးသတ်နိုင်ရေး လုပ်ငန်းများစတင်လုပ်ကိုင်သွားမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ဇွန် ၃ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါကြေညာချက်ကို ပါရီမြို့သို့ အလည်အပတ်ရောက်ရှိနေသည့် ဟန်ဂေရီဝန်ကြီးချုပ် ပီတာမာဂျာနှင့်အတူ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေး၊ နျူကလီးယားစွမ်းအင်၊ စက်မှုလုပ်ငန်း၊ အာကာသ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့အပါအဝင် မဟာဗျူဟာမြောက်ကဏ္ဍများတွင် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည်ဟု ပြင်သစ်သမ္မတက ပြောသည်။ နိုင်ငံတကာအခြေအနေတွင် ပိုမိုနီးကပ်သည့်ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်ဟု ဟန်ဂေရီ ဝန်ကြီးချုပ်က ပြောသည်။

နှစ်နိုင်ငံကြား အနာဂတ် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိုလည်း ကြိုဆိုကြောင်း၊ အဆိုပါသဘောတူညီချက်သည် စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးနှင့် ဥရောပသမဂ္ဂဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံဆက်ဆံရေးများကို ပိုမိုခိုင်မာစေမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် ဇွန် ၃**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေ အဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

**စနစ်တကျဖြိုချဖျက်ဆီး**

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

**ယာဉ်၊ ယန္တရားများ အသုံးပြု**

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ အလုံး ၃၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားမှုများ လုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု နေရာပြပုံ။

**အိမ်နီးချင်းနိုင်ငံများနှင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင်လူနေသုံးထပ် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

# တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇွန် ၃**

နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ လေ့လာရေး ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့တို့မှ အဖွဲ့ဝင်(၃၆) ဦးနှင့် အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၄၁ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။

အဆိုပါ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များသည် ဇွန် ၄ ရက်နှင့် ၅ ရက်တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ သူရဲကောင်း စစ်သည်ဗိမာန်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော် (ဗုဒ္ဓဂယာ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း) နှင့် စစ်သမိုင်းပြတိုက်များသို့ သွားရောက် လည်ပတ်ကြမည်ဖြစ်သည်။

တိုင်းရင်းသား လူမျိုးများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော် လေ့လာရေး ခရီးစဉ်ကို နဝမအကြိမ်အဖြစ် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်) (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ရှစ်ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

**လွှဲပြောင်းအပ်နှံ**

အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ကာဘိုင်သေနတ် တစ်လက်၊ AK-47 သေနတ် တစ်လက်၊ M4 A1 သေနတ် တစ်လက်၊ SUR-M9 A-2 YSRA 1YSO1-2419684 9mm အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် အတောင့် ၁၅၀၊ ကျည်အိမ် ခြောက်ခု၊ စကားပြောစက်တစ်လုံး (အားသွင်းကြိုးပါ)၊ လက်ထိပ် တစ်စုံတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ်သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၁၉၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်**

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ တစ်ဦး၊ ဘားအံမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ရေးမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်မှ တစ်ဦး စုစုပေါင်း ရှစ်ဦးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှုကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇွန် ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ကချင်ပြည်နယ်တာဝန်ခံ)ဦးခင်ဇော်၊ ပြည်နယ်လွှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်နိုင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တွင် အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များနှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် (MEVM) စက်တွင်အသုံးပြုသည့် ဘက်ထရီနှင့် အားသွင်းစက်များကို စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်အဖွဲ့ဝင်က မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်ပါ အချက်များနှင့်အညီ ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးခြင်းလုပ်ငန်းကိုအလေးထားဆောင်ရွက်ကြရေး၊ အထူးသဖြင့် မိုးရာသီတွင် ရေစိုပျက်စီးမှုနှင့် စိုထိုင်းဆကြောင့် စက်များထိခိုက်မှုမရှိစေရေး၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရေး၊ ဘက်ထရီများ စနစ်တကျထားသိုရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် လွိုင်ကော်မြို့မရဲစခန်းရှိ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇွန် ၃**

ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ပြည်နယ်တရားရေးဦးစီးမှူး ဦးကိုကိုနိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်က လွိုင်ကော်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့အချုပ်ခန်းသို့ သွားရောက်၍ အချုပ်တရားခံများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်မှု၊ နေရာထိုင်ခင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံမှု ရှိ၊ မရှိနှင့် ဆေးကုသရန် အခွင့်အရေး ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ယမန်နေ့က ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ရှင်းလင်းဆွေးနွေးပွဲကျင်းပရာ ရန်ကုန်



တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်မာချိုက ဒေသစာရင်းစစ်ရုံးများအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရန်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုများကို အကဲဖြတ်စစ်ဆေးကာ အပြုသဘောဆောင်သည့် အကြံပြုချက်များ ပေးနိုင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် အစဉ်ရပ်တည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်နှင့်မြို့နယ်စာရင်းစစ်ရုံးများမှ ဆွေးနွေးတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ချီးမြှင့်သည့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ – အလင်း**

## သန်လျင်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**ရန်ကုန် ဇွန် ၃**

သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ တောင်သူ ဦးကျော်စွာ၏ လယ်မြေတွင် မိုးစပါးမျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါလယ်မြေ၌ကျင်းပရာ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးဆန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါ မိုးစပါးမျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် မော်ဘီ ၃ မျိုးစပါးအား စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## ကျိုက်မရောမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



**ကျိုက်မရော ဇွန် ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက ပိန်းနဲကုန်းကျေးရွာရှိ အထက ပိန်းနဲကုန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးပြီး ကျန်ရှိသော အခြေခံပညာကျောင်းများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၅–၆–၂၀၂၆)ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့်စုပေါင်း၍ **“မိုးနဲ့တူယှဉ်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့်မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်–

**(၅–၆–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မိုးနဲ့တူယှဉ်” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချစ်မိုးဖြိုင်ဖြိုင်ရွာစေချင် | ပြင်ပအဆိုရှင် |
| ၂။ | ငြိုးမာန်ဖွဲ့ရွာတဲ့မိုး | ဌာနအဆိုရှင် |
| ၃။ | မမေ့နိုင်တာပဲခက်တယ် | တူယှဉ်နွဲ့ပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၄။ | ဖြစ်တတ်တဲ့သဘော | ဌာနအဆိုရှင် |
| ၅။ | ရွာတော့မိုး | ပြင်ပအဆိုရှင် |
| ၆။ | အလွမ်းမိုး | ပြင်ပအဆိုရှင် |
| ၇။ | မချစ်တချစ် | ပြင်ပအဆိုရှင် |
| ၈။ | ချစ် ချစ် ချစ် | ပြင်ပအဆိုရှင် |
| ၉။ | စနေမှာရွာတဲ့မိုး | တူယှဉ်နွဲ့ပျော်ဂီတပွဲတော်ဆုရအဆိုရှင် |
| ၁၀။ | မိုးနဲ့တူယှဉ် | ပြင်ပအဆိုရှင် |

## အမရပူရမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် ကိုင်ဆောင်လက်မှတ်မရှိသေးသော ကျောင်းသား ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ရုံးက ကျောင်းများ စတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ လဝကဦးစီးမှူး ဦးထင်အောင် ဦးစီးသည့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် ထုံးဘိုအခြေခံပညာ(မူလွန်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**



စလင်းမြို့နယ်မီးသတ်ဦးစီးဌာနက ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ဇွန် ၂ ရက်က ဈေးမရပ်ကွက်ရှိ ရွှေမန်းဟိုတယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော်ထူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်နည်းများကို ဟိုတယ်ဝန်ထမ်းများနှင့်အတူ ပူးပေါင်းသရုပ်ပြလေ့ကျင့်စဉ်။ မောင်လွင်(စလင်း)



## ချောင်းဆုံမြို့နယ်၌ ကျန်းမာရေးအဆင့်မြင့်ကျောင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**ချောင်းဆုံ ဇွန် ၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများအားလုံး



ကျန်းမာရေးအဆင့်မြင့်ကျောင်းများ ဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကုသရေး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျန်းမာရေးအဆင့်မြင့်ကျောင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာသူဇာဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးလှငွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ လေးဦးတို့က သင်တန်းသား ၄၂ ဦးတို့အား မေ ၃ ရက်မှ ၅ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ပန်းတနော်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**ပန်းတနော် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ လယ်ယာမြေဥပဒေနှင့်အညီ ရောင်း၊ ပေါင်၊ လဲ၊ ငှား၊ ပေးဆောင်ရွက်ခဲ့သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ပြင်ဆင်ထုတ်ပေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မျိုးလွင်က ဌာန၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြင်ဆင်ထုတ်ပေးသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်




(ပုံစံ-၇)များကို တောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး

**မိုင်းဆတ် ဇွန် ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဇွန် ၃ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ (အလက-၁)တွင် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများ



အား ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းလှ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေးမြင့်တို့က လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၄၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ တောင်သူများအား မျိုးစပါး/သွင်းအားစုများအတွက် မတည်ငွေ ပေးအပ်

**ကော့သောင်း ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ မြို့နယ်သမဝါယမ အသင်းစုပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း (မြစိမ်းရောင်)



သမဝါယမကဏ္ဍ ရွှေဝါထွန်းဘက်စုံစိုက်ပျိုးမွေးမြူရေး သမဝါယမ အသင်းလီမိတက်မှ အသင်းသား တောင်သူများအား မျိုးစပါး/သွင်းအားစုများအတွက် မတည်ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ချောင်းဝကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်တို့က သွင်းအားစုများ ပံ့ပိုးခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူ ၁၀ ဦးအား လယ်ဧက ၅၀ အတွက် မတည်ငွေကျပ် ၁၂၅ သိန်းကို အသင်းဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



မြစ်သားမြို့နယ်အတွင်းရှိ အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်သည့် ဓာတ်မြေဩဇာအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဇွန် ၃ ရက် တွင် ဆောင်ရွက်စဉ်။

ဝါဝါမြင့်(မြစ်သား)



မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်သော ဘေးထိခိုက်လွယ်သည့် ဒေသများတွင် ကဏ္ဍပေါင်းစုံမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် အရှိန်အဟုန်မြှင့်တင်သည့် လုပ်ငန်းစီမံချက်၏ အစိတ်အပိုင်းဖြစ်သည့် Heat Action Day အထိမ်းအမှတ်အဖြစ် ဇွန် ၂ ရက်က ပဲခူးမြို့ လူစည်ကားရာ နေရာများ၌ ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



## သရက်ချောင်းမြို့နယ်၌ UID ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေး

**သရက်ချောင်း ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစောမိုးမင်းသိန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက (အထက) သရက်ချောင်းကျောင်း ပညာရတနာခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



## တနင်္သာရီမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**တနင်္သာရီ ဇွန် ၃**

တနင်္သာရီမြို့ အထက-တနင်္သာရီ၌ မြို့နယ်ရဲတပ်ဖွဲ့က ကျောင်းသားကျောင်းသူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် တနင်္သာရီမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးနိုင်က တရားဥပဒေကို လေးစားလိုက်နာကြရန်၊ သံသယဖြစ်ဖွယ်လူများနှင့် အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန်၊ လူငယ်များအား မူးယစ်ဆေးဝါးနှင့် အကျင့်ပျက်မှုများမှ ကာကွယ်ထိန်းသိမ်းကြရန်နှင့် အွန်လိုင်းဂိမ်းများမကစားကြရန် စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တနင်္သာရီ(ပြန်/ဆက်)**

### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မှော်ဘီ ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူးနှင့် မှော်ဘီမြို့နယ် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတို့က ယာဉ်စည်းကမ်း လိုက်နာရမည့်အချက်များ၊ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာက သူတစ်ပါး ထိခိုက်မှု အာမခံအကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ပွင့်ဖြူမြို့နယ်၌ အရိပ်ရသစ်မျိုးစုံ ၅၀၀၀၀ ကျော် အကောင်အထည်ဖော် စိုက်ပျိုး

**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီတွင် အရိပ်ရသစ်မျိုးစုံ ၅၀၀၀၀ ကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေနှင့် ဝန်ထမ်းများက ဒေသခံကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ ကျေးရွာသုံးစိုက်ခင်း၊ အခြားစိုက်ခင်း၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်း၊ ကျေးရွာပိုင် စိုက်ခင်း များအဖြစ် ယူကလစ်၊ မဲဇလီ၊ ဘောစကိုင်း၊ တမာ၊ ရှား၊ ကုက္ကို၊ ရင်းမာ၊ ဖျောက်ဆိပ်စသည့် သစ်မျိုးစုံပျိုးပင် ၅၆၈၁၂ ပင်ကို ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့် အကွာရှိ မြောင်ဦး ကြိုးပြင်အပတောတွင် အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မိုင်းဆတ် ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း(မိုင်းဆတ်)၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းသက်နိုင်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"ခေါင်းစဉ်ဖြင့် ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့နယ်၌ သမဝါယမမွမ်းမံနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး နည်းပညာပေးသင်တန်းဖွင့်

**ထားဝယ် ဇွန် ၃**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ အခြေခံသမဝါယမအသင်း ကိုးသင်းမှ အသင်းသား၃၀ဖြင့်အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို မေ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ



သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က စိုက်ပျိုးနည်းစနစ်များအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ ပို့ချမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရေးစီမံကိန်းနှင့် ပတ်သက်သော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စာရင်းရေး၊ စာရင်းကိုင်ပညာရပ်များကို သမဝါယမဦးစီးဌာနမှ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းကို မေ ၃၀ ရက်မှ ဇွန် ၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် စုပေါင်းအမှိုက်ကောက်ခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇွန် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃)ရပ်ကွက် ရှင်ထွေးညိုမင်္ဂလာကန်တော်ပတ်ဝန်းကျင်၌ ဆောင်ရွက်စဉ်။

ဓွဲမင်းထက်

တောင်ငူမြို့နယ် အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူး သိန်းထိုက်စိုးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဇွန် ၂ ရက်တွင် တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်းရှိ လူစည်ကားရာလမ်းဆုံများ၌ ပြည်သူများအား ယာဉ်တိုက်မှုဖြစ်ပွားသည့် အကြောင်းရင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ဇော်ကိုကို(တောင်ငူ)



## နိုင်ငံတစ်ဝန်းအခြေခံပညာကျောင်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၃**

နိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီးမှ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာကျောင်းတက်၍ ပညာသင်ကြားနေကြသည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။



ခင်စန်းမြင့်(ပြန်/ဆက်)



မြို့နယ်(ပြန်/ဆက်)



ရဲကိုမောင်(ပြန်/ဆက်)



ဘာမီသာ(ပခုက္ကူ)



မြို့နယ်(ပြန်/ဆက်)



ခရိုင်(ပြန်/ဆက်)



ကိုကျော်(ချောင်းဆုံ)

## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအထူး အဖွဲ့(၃)နှင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတား လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

(ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃ - ၆ - ၂၀၂၆ ရက် မှ ၁၆-၆-၂၀၂၆ ရက်အထိ (ရုံးအချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့

(ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၁၇ - ၆ - ၂၀၂၆ ရက်၊ ၁၆:၀၀ နာရီ

(င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၁၈-၆-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀)နာရီ

(စ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၁၀၃၁၊၀၉-၇၇၉၀၆၅၈၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## လမ်းဦးစီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်အတွင်း ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတား လုပ်ငန်းများကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

(ခ) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၃-၆-၂၀၂၆ရက်မှ၁၆-၆-၂၀၂၆ရက်အထိ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

(ဃ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၇-၆-၂၀၂၆ရက်၊ ၁၆:၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၈-၆-၂၀၂၆ရက်၊ နံနက်(၁၀:၀၀)နာရီ

(စ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း -၀၈၄-၂၀၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/84903

Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးနွယ် ၉/စကန(နိုင်)၀၆၀၈၃၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/16550

Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မနမ(နိုင်)၀၈၆၀၇၃ က ယာဉ်မှတ်ပုံတင်စာ အုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/84879

Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်လှိုင်ဝင်း ၁၂/သလန(နိုင်) ၀၉၆၅၀၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/62194

Kenbo 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမြင့် ၉/ခမစ(နိုင်) ၀၁၇၉၈၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀

ဦးရဲအောင် နှင့် ဒေါ်ဝါဝါထွန်း
**(တရားလို)** **(တရားပြိုင်)**

အမှတ်(၁/၃)၊ လက်ခုပ်ကုန်း၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်နေ တရားပြိုင် ဒေါ်ဝါဝါထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြန်မာဝေလှေ့ထုံးတမ်း ဥပဒေအရ လင်မယား ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့် အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ(၂၆) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသက်ပိုင်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/34179

Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မွန်ငြိမ်း ၅/ကဘလ(နိုင်) ၂၀၇၃၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/37650

Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲမွန်ငြိမ်း ၅/ကဘလ(နိုင်) ၂၀၇၃၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ် (၃၇၉)၊ လမ်းအမည် (Lane-6)၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်သီသီခိုင် ၁၃/လလန(နိုင်)၀၄၄၈၁၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီတာလွင်** **ဒေါ်စန်းစန်းဝင်း**
၁၂/ကမတ(နိုင်)၀၆၆၃၇၆၊ ၁၂/ကမတ(နိုင်)၀၀၉၃၇၃
ဖုန်း-၀၉ -၅၀၃၆၇၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ခနိတန်းအကွက်၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀.၀၅၂)ဧကရှိ ဦးဉာဏ်ဝင်း၊ ဒေါ်အေးစန္ဒာညွန့်၊ ဒေါ်ရှင်မင်းသန့်တို့၏ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘန့်ဘွေးကုန်းလမ်း၊ အမှတ်(၄၄)နေ နော်ဂျူလီသိန်းမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ (၀.၀၉၄)ဧက၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀.၂၀၅)ဧကရှိ ဦးမြင့်စိုးအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ လှည်းစုလမ်း၊ အမှတ်(၇၇၃)နေ ဒေါ်ကျင်အေးမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကလောမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် ၈၈/မျက်ရဲအင်းအနောက်၊ ဦးပိုင်အမှတ်-၆၂၊ မြေကွက်အမှတ်-၅၃၊ ဧရိယာ(၀.၂၃၀)ဧကရှိ မြေကွက်အတွင်းမှ မျက်နှာစာ ပေ၅၀X ပေ၁၀၀၊ ဧရိယာ(၀.၁၁၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်အုတ်ညှပ်တိုက်၊ မီးမီတာအပါအဝင် မြေပေါ်မြေအောက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကြည်စိုး (၁၃/ကလန (နိုင်)၀၀၈၇၂၈) (ဘ)ဦးလှလှိုင်နှင့် ဒေါ်သန်းချစ်(ခ)ဒေါ်ရင်ထွေး(၁၃/ကလန(နိုင်)၀၀၈၇၂၇) (ဘ)ဦးနီတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွန်းလွန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၁၇၈၇)**
**အမှတ် - ၁၇၉ ၊ ဥမင်လမ်း၊ (၁၀)ရပ်ကွက်၊ ကလောမြို့၊ ဖုန်း-၀၉-၄၀၀၀၃၃၉၇၈**

## ကုန်သွယ်မှုအမည် ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Hailir Pesticides and Chemicals Group Co., Ltd, China မှ ထုတ်လုပ်ပြီး Heyoza Co.,Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ကုန်သွယ်မှုအမည် ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | | အဆိပ်ရှိ ပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|---|
| | မူလအမည် | ပြောင်းလဲမည့်အမည် | | | |
| ၁ | ALB-Ema Indo | Htoo Kae | Emamectin Benzoate 5%+ Indoxacarb 10% SC | Provisional | P2024-5852 |

**Heyoza Co. Ltd**
ဖုန်း-၀၉-၈၉၄၅၃၉၅၉၈

## ကုန်သွယ်မှုအမည် ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Hebei Veyong Bio-chemical Co., Ltd, China မှ ထုတ်လုပ်ပြီး Heyoza Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများအား ကုန်သွယ်မှုအမည် ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | | အဆိပ်ရှိ ပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|---|
| | မူလအမည် | ပြောင်းလဲမည့်အမည် | | | |
| ၁ | ALB-Dino | Diano | Dinotefuran 20% SG | Provisional | P2022-5518 |

**Heyoza Co. Ltd.**
ဖုန်း-၀၉-၈၉၄၅၃၉၅၉၈

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၇၀)၊ အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ ဒေါ်အေးမြင့် (၅/ရဘန(နိုင်)၁၃၂၆၀၃) အမည်ပေါက် မြေချပါမစ်မြေကွက်ထဲမှ အကျယ်အဝန်း (၁၀ပေxပေ၆၀)ရှိ မြေကွက် (အရပ်အခေါ်) အမှတ်(၂၇၀)၊ ညောင်ရမ်းလမ်း၊ (၁၀) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ဇာဇာခိုင် (၈/ပခက(နိုင်)၂၂၁၅၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခိုင်အောင်မင်း (၁၁/ပဏတ(နိုင်)၀၇၆၃၉၉) က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗိုလ်ရှင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ အိမ်အမှတ် ၁၄၇၁၊ အောင်ဇေယျာလမ်းနေ ဦးဝင်းမြင့် ၂/လကန(နိုင်)၀၄၈၂၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်တောင်ပိုင်း ၊ အိမ်အမှတ် ၁၄၇၁၊ (၅၇)ရပ်ကွက်၊ အောင်ဇေယျာလမ်းတွင်ရှိသော ပေ(၄၀x၆၀)မြေနှင့်နေအိမ်မှာ ဦးဝင်းမြင့် တရားဝင်နေထိုင်ပြီး မူလပိုင်ရှင်ဖြစ်သူများထံမှ အဆင့်ဆင့်ဝယ်ယူထားခဲ့သည့် နေအိမ်ခြံမြေဖြစ်ပြီး ၊ နေအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအချို့မှာ ပျောက်ဆုံးသွားပါသဖြင့် မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာစာရွက် စာတမ်းအထောက်အထားများနှင့်အတူ ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက် တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါနေအိမ်ခြံမြေကွက်ကို ဥပဒေနှင့်အညီ ပျောက်ဆုံးစာရွက်စာတမ်းမူရင်းများ သက်ဆိုင်ရာရုံးများတွင် ပြန်လည်လျှောက်ထားရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးသက်အောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၉၀)**
**ကယားပြည်နယ် ၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၄၂၈၀၀၄၅၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-B- နံ့သာကုန်း)၊ အဝေရာလမ်း၊ ခြံအမှတ် (၅၄၂)၊ မြေကွက်အမှတ် (၁၂/ဋ-၂)၊ အကျယ်အဝန်း (၀.၀၅၀)ဧကရှိ မြေကွက်၊ မြေကွက်အမှတ် (၁၃/ခ-၆)၊ အကျယ်အဝန်း (၀.၀၀၅)ဧကရှိ ဦးစိုးဝင်း (၉/မခန (နိုင်) ၀၆၉၃၂၁) နှင့် ဒေါ်နေလင်းစိုး (၁၂/တမန (နိုင်) ၀၉၈၅၇၇)တို့အမည်ပေါက် မြေပိုင်မြေ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးစိုးဝင်း နှင့် ဒေါ်နေလင်းစိုးတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မအိန်ဂျယ်မွန်၊ Grade-10 မှ မောင်ကောင်းခန့်မွန်၊ Grade-12 မှ မလရိပ်ချမ်းမွန် တို့၏ ဖခင်အမည်မှန်မှာ မင်းချမ်းမွန် ၁၀/မဒန(နိုင်)၁၃၄၈၂၁ ဖြစ်ပါကြောင်း။

**မင်းချမ်းမွန်**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း၊နေပြည်တော်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်) တွင် ခန့်ထားရန် အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/ လစာနှုန်း(ကျပ်) | ရာထူးနေရာ | ပညာအရည်အချင်းကန့်သတ်ချက် |
|---|---|---|---|
| (က) | သရုပ်ပြ<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂၀)နေရာ | တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc.)<br>တိရစ္ဆာန်ဆေးပညာဘွဲ့(D.V.M.)<br>မွေးမြူရေးပညာဘွဲ့(B.A.Sc.)<br>ဘွဲ့တစ်ခုခုရရှိပြီး သက်ဆိုင်ရာဘာသာရပ်တွင် (၆၅)မှတ်နှင့်အထက် (Credit) ရရှိရမည်။<br>(မဟာဘွဲ့ရရှိသူကို ဦးစားပေးမည်။) |
| (ခ) | နည်းပြ(အားကစား)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ တစ်ခုခုရရှိရမည်။<br>(တက္ကသိုလ် လက်ရွေးစင်အဆင့် အားကစားထူးချွန်သူ ဖြစ်ရမည်။) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄)နေရာ | အင်ဂျင်နီယာဘွဲ့ တစ်ခုခုရရှိရမည်။ |
| (ဃ) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၄)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။ |
| (င) | စာရင်းကိုင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၂)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြားဌာနမှ ဝန်ထမ်းဖြစ်လျှင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)
(ဂ) ရေးဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုရမည်။
(ဃ) ကျန်းမာရေး ကောင်းမွန်ရမည်။
(င) အမှတ်စဉ်(က) မှ (ဂ)အထိ အနည်းဆုံးလုပ်သက် (၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ သတ်မှတ်လုပ်သက် (တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၂,၀၀၀,၀၀၀/- (ကျပ် နှစ်ဆယ်သိန်း) ပေးလျော်ရမည်။)
(စ) အမှတ်စဉ်(ဃ) မှ (င)အထိ အနည်းဆုံးလုပ်သက် (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ သတ်မှတ်လုပ်သက် (တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၁,၀၀၀,၀၀၀/- (ကျပ်ဆယ်သိန်း) ပေးလျော်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်
(စ) လျှောက်ထားလိုသည့်ရာထူး
(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) အမှတ်စဉ်(က)မှ(ဂ)အထိ သက်ဆိုင်ရာကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် နှစ်အလိုက် အမှတ်စာရင်း မိတ္တူများကို လည်းကောင်း၊ အမှတ်စဉ်(ဃ)မှ(င)အထိ သက်ဆိုင်ရာကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ တို့ကိုလည်းကောင်း ပူးတွဲတင်ပြရမည်။ (မူရင်းများအား လူတွေ့ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
(ဂ) (၂) လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက် ဆေးလက်မှတ်မူရင်း။
(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာန၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ နေပြည်တော်သို့ (၂၂.၆.၂၀၂၆) ရက်နေ့နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်ထံ လိပ်မူပြီး (၂၂.၆.၂၀၂၆) ရက်နေ့ အရောက်ပေးပို့ လျှောက်ထားရမည်။

၆။ လျှောက်လွှာတင်သွင်းလျှောက်ထားသူများ၏ ဖြေဆိုခွင့်ရရှိသူများစာရင်းကို (၂၄.၆.၂၀၂၆) ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်။ အရည်အချင်းစစ်ဆေးရန်အတွက် အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို (၂၅.၆.၂၀၂၆)ရက်နေ့ ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၂၆.၆.၂၀၂၆<br>(သောကြာနေ့) | နံနက်(၉:၀၀)နာရီ မှ (၁၁:၀၀) နာရီထိ |
| (ခ) | အထွေထွေဗဟုသုတ | ၂၆.၆.၂၀၂၆<br>(သောကြာနေ့) | မွန်းလွဲ(၁၃:၀၀)နာရီ မှ (၁၅:၀၀) နာရီထိ |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို (၂၉.၆.၂၀၂၆)ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၃၀.၆.၂၀၂၆) ရက်နေ့ နံနက်(၉:၀၀)နာရီတွင် ပြုလုပ်မည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvs.edu.mm နှင့် Facebook Page ဖြစ်သော www.facebook.com/uvsyznmyanmar မှတစ်ဆင့် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အချိန်မီရောက်ရှိခြင်းမရှိသော၊ အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်-ရေဆင်း၊ ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇ ၃၄၁၆၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/7100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၇/ဝမန(နိုင်)၂၀၃၇၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/51888 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးနိုင် ၇/ရကန(နိုင်)၀၂၀၄၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/80632 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာလင်း ၇/ရကန(နိုင်)၀၈၄၃၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender) (၁/၂၀၂၆-၂၀၂၇)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုမည့် လိုအပ်သော စံချိန်စံညွှန်း အရည်အသွေးပြည့်ဝသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်းကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းမည့်ရက်** - ( ၄-၆-၂၀၂၆ ) ရက် ၊ ( ကြာသပတေးနေ့)
(ခ ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ( ၁၇-၆-၂၀၂၆ ) ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ (၁၅:၀၀)နာရီ
(ဂ ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - (၁၈-၆-၂၀၂၆) ရက် ၊ (ကြာသပတေးနေ့) နံနက်(၉:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဇလပ်ဖြူလမ်း၊ ဥသျှစ်ရုံရပ်ကွက်၊ ထားဝယ်မြို့။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ထားဝယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်ရုံးချိန်အတွင်းလာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါကြောင်းနှင့် ရုံးဖုန်း ၀၉-၂၁၃၃၁၁၉ နှင့် ၀၉-၇၇၁၉၀၈၄၄၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာ(၉)ရပ်ကွက်၊ မြေတိုင်း(၂၅)၊ ဦးပိုင်အမှတ်(၁၃၇)၊ မြို့မြေ(ဂဒသမ၁၂၈)ကော၊ ပဲခူးခရိုင် မြို့မြေမှုအမှတ် (၃၄၅/ငါး/၂၀၂၀ -၂၀၂၁) အရ ဒေါ်တင်တင်(ခ)ဒေါ်ဝင်းတင် အမည်ပေါက် ဂရန်မြေအား ပဲခူးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၅၇၁/I/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးမင်းသီဟ (ဘ) ဦးအေးလွင် ၇/ပခန(နိုင်) ၃၉၇၉၈၇ မှ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စရပ် အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက ဤ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာနွယ် (LL.B,D.B.L,LQB,UK)(WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၂၁)**
**ဖုန်း-၀၉-၅၀၆၈၇၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၃၄၇) ဟုခေါ်တွင်သော အလျား x အနံ ပေ(၄၀ x ၆၀)အကျယ်ရှိ ဦးဝဥ္စာဝင့် အမည်ပေါက်မြေကွက်အနက်မှ မြေကွက်အမှတ် (၁၃၄၆)ဘက်ခြမ်း၊ အလျား x အနံ ပေ(၂၀ x ၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးအေးကျော် (ဘ) ဦးဝင်းမြင့် (၁၂/သလန (နိုင်) ၁၁၀၆၄၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဆွေ (ဘ) ဦးကြည်ကိုလွင် (၁၂ / စခန(နိုင်)၀၇၁၂၇) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LLB., DBL, DIPL) (စဉ်- ၁၄၆၆၈)၊ ဒေါ်အိအိမော် (ခ) အိသဉ္စာအောင် (LL.B,DIPL) (စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းသွယ်၊ အမှတ်(၂၂၅) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ဒုတိယထပ်(၃လွှာ) ဘီအခြမ်း၊ (၁၁.၅x၄၅)ပေ အကျယ်ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်လျှန်ချူးငီး (၅/ကလထ(နိုင်)၁၀၇၉၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွေနေလှိုင်ထွန်း (၁၀/ရမန(နိုင်)၁၁၁၇၄၂)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီသော်လင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၁၄)(၇-၁-၂၀၂၆)**
**အမှတ်(၁၀၅/က)၊ မင်းရဲကျော်စွာ(၇)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၃၈၃၉၈၅၇၊ ၀၉-၉၈၇၁၁၉၆၁၀**

## မြေငှားဂရန်နှင့်မြေပေးမိန့်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဒေါ်မြင့်မြင့်အေး | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | ဘီ-၇၃ | ၀.၁၁၀ | မြေငှားဂရန်အသစ် |
| ၂ | ဦးလှစိန်ထွန်း | ပုသိမ် | ကမ်းနီ | ၄-က/ကမ်းနီအရှေ့ | ၂၂/၉ | ၀.၄၀၀ | မြေငှားဂရန်အသစ် |
| ၃ | ဦးကျော်ထက် | ပုသိမ် | အမှတ်(၁၃) | ၅၃/ငါးကျီးထူ | M-၉၅/က<br>M-၉၅/ခ<br>M-၉၅/ဃ၊ M-၉၅/င | ၀.၂၂၇ | မြေပေးမိန့်အသစ် |
| ၄ | ဦးမိုးကျော်သန်း (ခ)အေးအောင် | ပုသိမ် | အမှတ်(၃) | ၃၀/ကံသုံးဆင့် | ၇-ဆ | ၀.၀၅၄ | မြေပေးမိန့်အသစ် |
| ၅ | ဦးပြည့်ဖြိုးအောင် | ငွေဆောင် | အမှတ်(၂) | ၁၉၈၆/ငဆော် | ၄၃၄၊ ၄၃၅၊<br>၄၅၂၊ ၄၅၃ | ၀.၂၂၀ | မြေပေးမိန့်အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၁

ဦးမင်းအောင် (တရားလို) **နှင့်** ဦးမြင့်အောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၈၉၂ ၊ ခေမာကျောင်းလမ်း၊ ( ည)ရပ်ကွက်နေ တရားပြိုင် ဦးမြင့်အောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် ( ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/6492 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနား)မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့နယ်၊ နန်းမားမြို့ ၊ ရှမ်းစုရပ်ကွက် ၊ ကွင်းအမှတ်နှင့်အမည်၊ ၂၇၇ / နန်းခမ်း၊ မြေကွက်အမှတ်၊ ၁၁၉၅/၂၀၅၁ ၊ မြို့မြေ ၊ မြေဧရိယာ (၀ဒသမ၀၈) ဧကရှိ မြေကွက်အား ဦးလှဖုန်း (ဘ) ဦးမြအေး ၉/သစန (နိုင်)၀၉၄၄၇၂ အမည် ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်သဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဖုန်း ၉/သစန(နိုင်)၀၉၄၄၇၂**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/60858 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတမြို့)**

## ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊ အထက ကျောင်း Grade-11 တွင် တက်ရောက် ပညာသင်ကြားနေသော မစန္ဒီမြင့်မိုရ် ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၇/ကကန(နိုင်) ၀၆၀၀၁၉ဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း**

## အမည်ပြောင်း

(ဘ)ဦးဇာနည်မင်း၏ သမီးအမွှာ ပြည်မြို့၊ K.B.T.C ကိုယ်ပိုင်အထက်တန်းကျောင်း Grade(5) တွင် ပညာသင်ကြားနေသော မနေဝတီလင်းအား မလင်းမြတ်သိင်္ဂီ ဟုလည်းကောင်း၊ မနေဝတီ အား မဝင်းမြတ်သိင်္ဂီဟု လည်းကောင်း ပြောင်းလဲခေါ်ပေးပါရန်။

## ဖခင်အမည်မှန်

ပြည်မြို့နယ် အ.ထ.က (ခွဲ) ဇီးအုပ် Grade - (3) မှ မောင်အောင်မြင့်မြတ် ၏ဖခင်အမည်မှန်မှာ ဦးကျော်စိုးဝင်း ၉/အမဇ(နိုင်)၀၈၉၁၇၁ ဖြစ်ပါကြောင်း ။

## ဖခင်အမည်မှန်

အထက(ကျုံကဒွန်း) Grade (12) မှ မဆောင်းနှင်းဝေနှင့် Grade(8) မှ မောင်အထင်ကရ တို့၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ဖြစ်ပါကြောင်း။

**ဦးတင့်လွင်**
**၁၄/ဖပန(နိုင်) ၁၆၇၈၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/60858, Honda CBR 600 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေအောင် ၁၄/ဟသတ(နိုင်)၃၉၁၁၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ပြည်ထဲရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တိုင်းဒေသကြီးရုံးဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၃)ထပ် (၉၆' x ၃၆')(၁)လုံးဆောက်လုပ်ခြင်း၊ မုံရွာမြို့ – Lot-1

(ခ) စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း အတွင်းရှိ ဝန်ထမ်းအိမ်ရာ(၁) ( ၅၀' x ၂၀') RC(၂)ခန်းတွဲ(၂)ထပ်အသစ် (၁) လုံး ပြန်လည်ဆောက်လုပ်ခြင်း ၊ စစ်ကိုင်းမြို့ – Lot-2

( ဂ ) စစ်ကိုင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အမှုတွဲခန်း RC(၁)ထပ် ဆောက်လုပ်ခြင်း ( ၄၀' x ၄၀' x ၁၂') ၊ စစ်ကိုင်းမြို့ – Lot-3

**လျှောက်လွှာရောင်းချမည့်နေရာ** – စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့
**လျှောက်လွှာရောင်းချမည့်ရက်** – (၄-၆-၂၀၂၆ )ရက်မှ (၁၇-၆-၂၀၂၆ )ရက်ထိ (အစိုးရရုံးဖွင့်ရက်နှင့် ရုံးချိန်အတွင်း)
**လျှောက်လွှာတင်သွင်းရမည့်ရက်** – (၁၈-၆-၂၀၂၆ )ရက် (၁၆:၃၀)နာရီထိ
**လျှောက်လွှာတင်သွင်းရမည့်နေရာ** – စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ(၂)
**တင်ဒါဖွင့်လှစ်မည့်ရက်** – ထပ်မံအကြောင်းကြားသွားပါမည်။

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၃၂၅၃၂/ ၀၉-၄၂၈၁၂၉၁၇၃/၀၉-၆၉၂၄၈၃၈၂၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ ပြည်တွင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**Lot-1**

စစ်ကိုင်းခရိုင်ရုံးအဆောက်အအုံ (ပေ၆၀xပေ၄၀) (၂)ထပ် RC (၁) လုံး တည်ဆောက်ခြင်းလုပ်ငန်း (ရေ၊ မီး၊ ပေါ်တီကို၁၂ပေ ပါပြီး)

**လုပ်ငန်းတည်နေရာ – ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့။**

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – ၂၇ - ၅ - ၂၀၂၆ ရက် (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** – ၉ - ၆ - ၂၀၂၆ ရက်(၁၆:၀၀ နာရီ)
**တင်ဒါတင်သွင်းရန်လိပ်စာ** – စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့။ ဖုန်း – ၀၉-၇၉၂၁၈၇၅၁၈၊ ၀၉-၂၅၀၀၈၀၂၇၆၊ ၀၉-၄၂၅၃၀၂၆၀၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသည် (၂၀၂၆-၂၀၂၇) ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Oxygen နှင့် Consumables များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုလိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းအဆိုပြုလွှာရောင်းချမည့်ရက်** – ၅-၆-၂၀၂၆ရက်
**တင်ဒါပိတ်မည့်ရက်** – ၅-၇-၂၀၂၆ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၉-၇၇၆၂၄၈၆၉၇၊ ၀၉-၄၄၇၄၄၀၀၇၃**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊မြေကွက်အမှတ် (၉၅၀) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀) မြေကွက်ထဲမှတရားဝင်မခွဲစိတ်ရသေးသော (မြေကွက်အမှတ် (၉၅၁)နှင့် ကပ်လျက်ခြမ်း) မြေအလျားxအနံ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်လှ (၁၂/ကတန(နိုင်)၀၅၆၃၂၅) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးမင်းသူ (၁၄/ဖပန(နိုင်)၀၉၉၄၂၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းအောင် (၁၂/တမန(နိုင်)၀၄၃၄၇၆)မှ အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် မြေချပါမစ်၊ အခြားအဆက်အစပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့် ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

